ပူဇာစ ပူဇနေယျာနံ ဧတံ မင်္ဂလ မုတ္တမံ၊ ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။


# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်၊ ၂၀၀၄ ခုနှစ်၊ စက်တင်ဘာ ၂၉ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၆၂)


## ဂန္ဓကုဋိတန်ဆောင်းတော်ကြီးအတွက်အလှူငွေ

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက် မဟာသကျမုနိ ရုပ်ပွားတော်မြတ် ဂန္ဓကုဋိတန်ဆောင်းတော်ကြီးအတွက် အလှူရှင်များက အလှူတော်ငွေကျပ် ၁၇၇၁၉၂၀၀၀ ကို ပေးအပ်လှူဒါန်းကြသည်။

# ကြည့်မြင်တိုင်ကျောင်းကြီးတိုက် မဟာသကျမုနိရုပ်ပွားတော်မြတ်ဂန္ဓကုဋိတန်ဆောင်းတော်ကြီးရွှေထီးတော်တင်လှူ နာယကချုပ်ဆရာတော် ကျောင်းဆောင်သစ် ရေစက်ချလှူဒါန်း၊ အလှူတော်ငွေပေးအပ်လှူဒါန်းခြင်းမင်္ဂလာကျင်းပ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီးဒေါ်ကြိုင်ကြိုင် တက်ရောက်ကြည်ညို

**ရန်ကုန် စက်တင်ဘာ ၂၈**

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက်အတွင်း၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား အမှူးထား၍ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် သာသနာပြု ဒါယကာ ဒါယိကာမများကစုပေါင်း၍ အသစ်ပြန်လည်ဆောက်လုပ်လှူဒါန်းသော မဟာသကျမုနိရုပ်ပွားတော်မြတ် ဂန္ဓကုဋိတန်ဆောင်းတော်ကြီး ရွှေထီးတော်တင်လှူပွဲ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်၊ သားသမီးမြေးမြစ်သားစုကောင်းမှုဖြစ်သည့်

*စာမျက်နှာ ၃ ကော်လံ ၁* ■



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်မိသားစုက မဟာသကျမုနိ ရုပ်ပွားတော်မြတ်ကြီး ဂန္ဓကုဋိတန်ဆောင်းတော်ကြီးအထွတ်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်အား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



## ထေရဝါဒတရုတ်ဘုန်းတော်ကြီးစုဆန်းလီနှင့် ဒါယကာဒါယိကာမများ အလှူတော်ငွေကျပ်သိန်း ၁၂၅၀ ပေးအပ်လှူဒါန်းပွဲကျင်းပ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီးဒေါ်ကြိုင်ကြိုင် လှူဖွယ်ပစ္စည်းများဆက်ကပ်

ရန်ကုန် စက်တင်ဘာ ၂၈

**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မြင်းခြံဆရာတော်ကြီး ဘဒ္ဒန္တ သောဘိတအားအမှူးထား၍ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ မြောက်မင်စီသာသနာပြုကျောင်း ထေရဝါဒ တရုတ်ဘုန်းတော်ကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုဘန(စုဆန်းလီ)နှင့် တပည့်ဒါယကာ ဒါယိကာမများက အလှူတော်ငွေကျပ်သိန်း ၁၂၅၀ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာသင်တိုက်ကြီး၏ ပြည်လုံးချမ်းသာမဟာသိမ်တော်ကြီး၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် တက်ရောက်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။** (ဝဲပုံ)

### တက်ရောက်ကြည်ညို

လှူဒါန်းပွဲအခမ်းအနားသို့ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာသင်တိုက်ကြီး၏ ပဓာနနာယကဆရာတော် တိပိဋကရေတိပိဋကကောဝိဒ ဘဒ္ဒန္တသီလခန္ဓာဘိဝံသနှင့် တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကလျာဏအမှူးပြုသော ဆရာတော်သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ

*စာမျက်နှာ ၅ ကော်လံ ၁* ●

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

# အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်)

## တနင်္သာရီတိုင်း၌ ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင် နိုင်ငံတော်၏ ဆီအိုးကြီးဖြစ်လာစေရေး ရည်မှန်းချက်ထားလုပ်ကိုင်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် တိုင်းရင်းသားပြည်သူများ အကျိုးစီးပွားကို မျက်ခြည်ပြတ်မခံဘဲ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လုပ်ကိုင်ရာ၌ နိုင်ငံသားအားလုံး၏ စွမ်းအားရယူကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ လုပ်ကိုင်ဆောင်ရွက်ရာတွင် ပုဂ္ဂလိကပိုင် အခန်းကဏ္ဍကို အားပေးမြှင့်တင်ပေးပြီး ဈေးကွက်စီးပွားရေးစနစ် ပီပြင်အောင်မြင်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် ရေမြေသဘာဝ သယံဇာတများကောင်းမွန်ပြီး မျှတသည့်ရာသီဥတုရှိသည်။ ထို့ကြောင့် စိုက်ပျိုးရေး ထွက်ကုန်ပစ္စည်းကို အဓိကအားပြုလုပ်ကိုင်လျက် ရှိသည်။

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန် ပို့ကုန်ပမာဏ တိုးမြှင့်စေရန်နှင့် နိုင်ငံ့စီးပွားရေး အခြေခိုင်မာစေရန် အလေးထားလုပ်ကိုင်လျက် ရှိသည်။ ထိုသို့ လုပ်ကိုင်ရာတွင် နှစ်ရှည်ပင်များဖြစ်သော လက်ဖက်၊ ကော်ဖီ၊ ရော်ဘာနှင့် ဆီအုန်း စသည်တို့ကို အောင်မြင်ဖြစ်ထွန်းအောင် လုပ်ကိုင်လျက်ရှိသည်။

အဆိုပါ နှစ်ရှည်သီးနှံများတွင် ဆီအုန်းစိုက်ပျိုးမှုသည် စိုက်ပျိုးသူရော တိုင်းပြည်အတွက်ပါ ရေရှည်အကျိုးအမြတ်ဖြစ်ထွန်းစေမည့် စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ပြည်တွင်းစားသုံးဆီ ဖူလုံစေပြီး ပြည်ပမှ စားသုံးဆီတင်သွင်းမှု လျော့ပါးစေရန်အတွက် ဆီထွက်သီးနှံစိုက်ပျိုးရေး အလေးပေး လုပ်ကိုင်လျက်ရှိသည်။

ဆီအုန်းသည် စားသုံးဆီ သီးနှံသာမက စက်မှုကုန်ကြမ်း သီးနှံတစ်မျိုးဖြစ်သည်။ ဆီအုန်းမှထွက်သော ဆီသီး၏အပေါ်ခွံမှာ စားသုံးဆီထုတ်ယူနိုင်ပြီး ဆီသီးအစေ့မှ ထွက်သောအဆီမှာ အလှကုန်လုပ်ငန်း၊ ဆပ်ပြာချက်လုပ်ငန်းနှင့် သုတ်ဆေးလုပ်ငန်းများတွင် စီးပွားဖြစ် အသုံးပြုနိုင်သည်။

လက်ရှိအခြေအနေအရ ကုမ္ပဏီများ၊ ဒေသခံပြည်သူများ၏ ဆီအုန်းစိုက်ပျိုးမှုသည် ဧကတစ်သိန်းကျော် ရှိနေပြီဖြစ်သည်။ တနင်္သာရီတိုင်း တစ်ခုတည်းတွင်ပင် ဆီအုန်းဧက ငါးသိန်းစိုက်ပျိုးလျက်ရှိပြီး ပြည်တွင်းစားသုံးဆီ ဖူလုံရေး၊ ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့ရေးအတွက် ၁၉၉၉ ခုနှစ်မှစ၍ လုပ်ကိုင်ဆောင်ရွက်လျက် ရှိသည်။ ထပ်မံလုပ်ကိုင်မည့် ဆီအုန်းလုပ်ငန်းရှင်သစ်များကလည်း စိုက်ပျိုးရန် မြေနေရာများ ရယူထားပြီးဖြစ်ရာ တနင်္သာရီတိုင်းသည် မကြာမီကာလအတွင်း နိုင်ငံတော်၏ ဆီအိုးကြီး ဖြစ်တည်လာတော့မည်ဖြစ်သည်။

တနင်္သာရီတိုင်းသည် မြေသယံဇာတ၊ ရေသယံဇာတ ပေါများကြွယ်ဝသည့် ဒေသဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးသာမက နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုသော တိုင်းဖြစ်သည်။ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် နိုင်ငံတော်မှ ချမှတ်ထားသော ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အားသွန်ခွန်စိုက် ညှိနှိုင်းပေါင်းစပ်လုပ်ကိုင်သွားခြင်းဖြင့် ဒေသအတွက်ရော နိုင်ငံအတွက်ပါ အကျိုးများစွာ ဖြစ်ထွန်းလာမည် ဖြစ်သည်။

ကော့သောင်းဒေသတွင် ဆီအုန်းစိုက်ပျိုးမှုလုပ်ငန်း တိုးတက်အောင်မြင်လျက်ရှိရာ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် မိမိအကျိုးစီးပွားနှင့်ယှဉ်ပြီး အမျိုးသားရေးအကျိုးစီးပွားကို ဦးထိပ်ထားကာ ဆီအုန်းစိုက်ပျိုးရေး လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်သွားကြရန် ဖြစ်သည်။ ထိုသို့ လုပ်ကိုင်သည်နှင့်အမျှ နိုင်ငံ့စီးပွားရေး တိုးတက်မြင့်မားကာ ဒေသခံပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ တိုးပွားလာမည် ဖြစ်သည်။

သို့ဖြစ်ရာ တနင်္သာရီတိုင်းသည် နိုင်ငံတော်၏ ဆီအိုးကြီး ဖြစ်လာရမည်ဟူသော ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်၏အကျိုး၊ စိုက်ပျိုးသူတို့၏အကျိုးကို ရည်မျှော်ပြီး တိုင်းရင်းသား လုပ်ငန်းရှင်များနှင့် ဒေသခံစိုက်ပျိုးသူများ လက်တွဲကာ ဆီအုန်းစိုက်ပျိုးရေး လုပ်ငန်းများ အောင်မြင်သည်ထက် အောင်မြင်အောင် ကြိုးပမ်းလုပ်ကိုင်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြား

၂၉-၉-၂၀၀၄
(ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄း၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၃၀ ၆။ မျိုးချစ်တပ်မတော်
- ၄း၄၀ ၇။ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင်
- ၄း၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅း၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်

**လယ်ထွန်မင်္ဂလာ**
(မြန်မာစာအထူးပြု)

- ၅း၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၄။ မိုးလေဝသသတင်း
- ၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၀ ၁၆။ မြန်မာ့ရှုခင်း
- ၆း၄၀ ၁၇။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မဆုတ်မနစ်"** (အပိုင်း-၁၆)
- ၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ လျှပ်တစ်ပြက်
- ၂၂။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မိုးကြိုးကွန်ရက်နှင့် လျှပ်စီးဓား"** (ဒုတိယတွဲ) (အပိုင်း-၁၇)

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



## ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ အာဆီယံ-တရုတ် လူငယ်ရေးရာဝန်ကြီးများ အစည်းအဝေးတက်ရောက်ရန် ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၂၈

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ စက်တင်ဘာ ၂၇ ရက်မှ အောက်တိုဘာ ၁ ရက်အထိ ကျင်းပမည့် ပထမအကြိမ် အာဆီယံ-တရုတ်လူငယ်ရေးရာဝန်ကြီးများ အစည်းအဝေးသို့တက်ရောက်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွား ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၆ရက် ညပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားသည်။**

### ပို့ဆောင်နှုတ်ဆက်

ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားအား ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

**(အပေါ်ပုံ) (သတင်းစဉ်)**



**စက်တင်ဘာ ၂၅ ရက်က လမ်းမတော်မြို့နယ် အမှတ်(၇)ရပ်ကွက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိန်တိုး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးခင်မောင်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်စိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။**

(ခရိုင်ပြန်/ဆက်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး ဂန္ဓကုဋိတန်ဆောင်းတော်ကြီးအထွတ်တွင်တင်လှူပူဇော်မည့် စိန်ဖူးတော်ကို မင်္ဂလာရထားပျံပေါ်သို့ ပင့်ဆောင်ပြီး အမွှေးနံ့သာများ ပက်ဖျန်းပူဇော်စဉ်။ (သတင်းစဉ်)

## ကိုးပါးသီလခံယူဆောက်တည်

ရှေးဦးစွာ ရွှေထီးတော်တင်လှူပွဲ၊ ကျောင်းကြီးတိုက်နာယကချုပ်ဆရာတော် ကျောင်းဆောင်သစ် ရေစက်ချလှူဒါန်းပွဲ မင်္ဂလာအခမ်းအနား ပထမပိုင်းအစီအစဉ်ကို နာယကချုပ်ကျောင်းဆောင်သစ်၌ကျင်းပရာ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်အမှူးပြုသော ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်မြို့ ဇောတိကာရုံကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တကုဏ္ဍလဇောတိထံမှ ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်အရှင်မြတ်များက မေတ္တာသုတ်အစရှိသော ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

## ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်က မဟာသကျမုနိရုပ်ပွားတော်မြတ် ဂန္ဓကုဋိတန်ဆောင်းတော်ကြီးအထွတ်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ကျောင်းကြီးတိုက်နာယကချုပ်ဆရာတော်အတွက် လှူဒါန်းသော ပိဋကတ်သုံးပုံ ကျမ်းဦးမှတ်ဖွယ် ကျမ်းစာအုပ်များ၊ နာယကချုပ်ဆရာတော် ကျောင်းဆောင်သစ်ဆောက်လုပ်မှုဆိုင်ရာ စာရွက်စာတမ်းများနှင့် လှူဖွယ်ပစ္စည်းများကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အောင်မြေဘုံစံဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသထံ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်းက မဟာသကျမုနိရုပ်ပွားတော်မြတ် ဂန္ဓကုဋိတန်ဆောင်းတော်ကြီးတွင် တင်လှူပူဇော်မည့် ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အောင်မြေဘုံစံဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ဇနီးများ၊ တပ်မတော်အရာရှိကြီးများ၏ ဇနီးများက ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

## ရှင်းလင်းလျှောက်ထား

ထို့နောက် ဂန္ဓကုဋိတန်ဆောင်းတော်ကြီး တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အမှတ်(၃)စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်းက ဂန္ဓကုဋိတန်ဆောင်းတော်ကြီးတည်ဆောက်မှုတို့ကို ရှင်းလင်းလျှောက်ထားတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အောင်မြေဘုံစံဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသက အနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင် အမှူးပြုသော ပရိသတ်များနှင့် အလှူရှင်များက လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။





နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်အမှူးပြုသော ဧည့်ပရိသတ်များက ရွှေထီးတော်တင်လှူမည့် မင်္ဂလာရထားပျံကြိုးကိုဆွဲ၍ စက်ယန္တရားအကူအညီဖြင့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့ကို မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး ဂန္ဓကုဋိတန်ဆောင်းတော်အထွတ်သို့ တင်လှူပူဇော်ကြစဉ်။ (သတင်းစဉ်)

## အမွှေးနံ့သာပက်ဖျန်းပူဇော်

ဆက်လက်၍ မဟာသကျမုနိရုပ်ပွားတော်မြတ် ဂန္ဓကုဋိတန်ဆောင်းတော်ကြီး ရွှေထီးတော်တင်လှူခြင်းအစီအစဉ်ကိုကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်က စိန်ဖူးတော်အားလည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်းက ငှက်မြတ်နားတော်အားလည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ဇနီးများ၊ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများ၏ ဇနီးများက ရွှေထီးတော်အစိတ်အပိုင်းများအားလည်းကောင်း ဒေဝါဝင်း၊ ရာဇာဝင်းများ ခြံရံသော မင်္ဂလာနတ်လမ်းအတိုင်း ရွှေထီးတော်တင်လှူမည့် မင်္ဂလာရထားပျံသို့ ပင့်ဆောင်ကြပြီး အမွှေးနံ့သာများ ပက်ဖျန်းပူဇော်ကြသည်။

## တင်လှူပူဇော်

ထို့နောက် အခမ်းအနားမှူး ဦးစံသင်းလှိုင်က မင်္ဂလာအခါတော်ကျရောက်ကြောင်း ကြေညာသောအခါ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်အမှူးပြုသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီးဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များက စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့ကို မင်္ဂလာရထားပျံဖြင့် မဟာသကျမုနိရုပ်ပွားတော်မြတ် ဂန္ဓကုဋိတန်ဆောင်းတော်ကြီးအထွတ်သို့ တင်လှူပူဇော်ကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်မိသားစုကိုယ်စား ဦးကြိုင်စန်းရွှေနှင့် ဦးထွန်းနိုင်ရွှေ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် တာဝန်ရှိသူများက မဟာသကျမုနိရုပ်ပွားတော်မြတ် ဂန္ဓကုဋိတန်ဆောင်းတော်ကြီးအထွတ်၌ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို တပ်ဆင်ပူဇော်ကြပြီး အဂ္ဂမဟာ သီရိသုဓမ္မဓဇ တိပိဋကဓရ တိကြားဦးသန်းလှက ရွှေထီးတော်တင်လှူပူဇော်ခြင်း ကုသိုလ်ပုညအဝဝကို အမျှပေးဝေကာ ရွှေထီးတော်တင်လှူခြင်းအခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

## ရွှေမိုးငွေမိုးရွာသွန်း

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ရွှေထီးတော်တင်လှူခြင်း အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရွှေမိုးငွေမိုး ရွာသွန်းဖြိုးကြသည်။

***စာမျက်နှာ ၆ ကော်လံ ၁***

■ ***ရှေ့ဖုံးမှ***

ကျောင်းကြီးတိုက်နာယကချုပ်ဆရာတော် ကျောင်းဆောင်သစ် ရေစက်ချလှူဒါန်းပွဲနှင့် မဟာသကျမုနိရုပ်ပွားတော်မြတ် ဂန္ဓကုဋိတန်ဆောင်းတော်ကြီးအတွက် အလှူတော်ငွေပေးအပ်လှူဒါန်းခြင်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် အဆိုပါကျောင်းကြီးတိုက်၌ ကျင်းပသည်။

## တက်ရောက်ကြည်ညို

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်များဖြစ်ကြသည့် အောင်မြေဘုံစံဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသနှင့် ပြည်မြို့ ဇောတိကာရုံကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလ ဇောတိတို့အမှူးပြုသော ဆရာတော် သံဃာတော်များကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ ဇနီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများ၏ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဒေဝါဝင်း၊ ရာဇာဝင်းအဖွဲ့များနှင့် ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ရန်ကုန်တိုင်း သာသနာရေးဦးစီးဌာနမှူး ဦးစံသင်းလှိုင်က ဆောင်ရွက်၍ အခမ်းအနားအစီအစဉ်များကို ဖတ်ကြားကြေညာသည်။

# ပြန်ပေးသမားတို့ လူထုဆက်သွယ်ရေး ထိရောက်စွာ အသုံးချမှု ဗြိတိန်နိုင်ငံအား အလွန်အမင်းအခက်ကြုံစေခဲ့ကြောင်း ဘလဲဝန်ခံ

လန်ဒန် စက်တင်ဘာ ၂၆

**ဗြိတိသျှစားစာခံတစ်ဦးကိုဖမ်းဆီးထားသော အီရတ်ပြန်ပေးသမားများက လူထုဆက်သွယ်ရေးနည်းလမ်းကို ထိရောက်စွာ အသုံးချမှုကြောင့် ဗြိတိန်နိုင်ငံအား အခက်အခဲ အကျပ်အတည်းကြုံစေခဲ့ကြောင်း တနင်္ဂနွေနေ့ထုတ် သတင်းစာတစ်စောင်က တွေ့ဆုံမေးမြန်းစဉ် ဝန်ကြီးချုပ်တိုနီဘလဲက ဝန်ခံပြောကြားလိုက်သည်။**

တိုက်ခိုက်ရေးသမားတို့သည် လူအများသိရှိစေရန်၊ ဒီမိုကရေစီ နိုင်ငံရေးနှင့် နိုင်ငံရေးသမားများ အလွန်အမင်း အခက်တွေ့စေရန် ခေတ်မီ လူထုဆက်သွယ်ရေးကို အသုံးပြုနိုင်ခဲ့ကြောင်း ဘလဲက ပြောကြားသည်။

## ကြိုးပမ်းရန်

အီရတ်တွင် နိုင်ငံခြားသားတိုက်ခိုက်ရေးသမားများ ရှိနေသည့်အကြောင်း အချက်မှာ နိုင်ငံ ပိုမိုတိုးတက် ကောင်းမွန်မလာစေရန် ကြိုးပမ်းရန်ဖြစ်ကြောင်း၊ ဒီမိုကရေစီ လုပ်ငန်းစဉ် သို့မဟုတ် ပြန်လည်တည်ဆောက်ရေးကို အကူအညီပေးနေသူများအား သတ်ဖြတ်ရန်ဖြစ်ကြောင်း တိုနီဘလဲက ပြောကြားသည်။

## ဝမ်းနည်း

လေဘာပါတီ နှစ်ပတ်လည် ညီလာခံအကြို အော့ဇားဗား သတင်းစာသို့ ပြောကြားရာ၌ ဘလဲက လွန်ခဲ့သည့် ၉ ရက်၌ သတ်ဖြတ်ခံရမည်ဟု ခြိမ်းခြောက်ခြင်း ခံနေရသော အသက်၆၂နှစ်အရွယ်ရှိသည့် ဗြိတိသျှ အင်ဂျင်နီယာ ကင်းနက် ဘစ်ကလီ၏ မိသားစုအတွက် ဝမ်းနည်းပါကြောင်း ပြောကြားသည်။

**အမ်အင်အေ၊ရိုက်တာ**



ဘဂ္ဂဒက်မြို့တွင် ဒုံးကျည်ကျရောက်ပေါက်ကွဲပြီးနောက် ဒုံးကျည် အစိတ်အပိုင်းတစ်ခုအား ပြသနေသော အီရတ်တစ်ဦးကို စက်တင်ဘာ ၂၄ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# စက်တင်ဘာ ၂၇ ရက်အထိ အီရတ်၌သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၁၀၄၉ ဦး ရှိသွားပြီ

ဘဂ္ဂဒက် စက်တင်ဘာ ၂၈

**အီရတ်နိုင်ငံအား အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ရက်က စတင်ပြီး ဝင်ရောက် ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့တိုက်ခိုက်ခဲ့ချိန်မှစပြီး အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့ဝင်များသည် ယနေ့ထိတိုင်အောင် အီရတ်နိုင်ငံ၌ သေဆုံးဒဏ်ရာရလျက်ရှိကြသည်။**

စက်တင်ဘာ ၂၇ ရက် တနင်္လာနေ့၌ အမေရိကန်ကာကွယ်ရေးဌာနက ထုတ်ပြန်သော သေဆုံးစာရင်းတွင် ၁၀၄၉ ဦး ရှိသွားပြီဖြစ်ကြောင်း ဖော်ပြထားရာ ယင်းအနက် ၇၉၉ ဦးမှာ တိုက်ပွဲ၌သေဆုံးပြီး ၂၅၀မှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။

## သေဆုံး

ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၆၅ဦး၊ အီတလီ ၁၉ ဦး၊ စပိန် ၁၁ ဦး၊ ဘူဂေးရီးယား ခြောက်ဦးနှင့် ပိုလန် ၁၃ဦး၊ ယူကရိန်း ရှစ်ဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြားနှစ်ဦး၊ နယ်သာလန်နှစ်ဦး၊ ဒိန်းမတ်၊ ဆာဗေဒို၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယားတို့ တစ်ဦးစီသေဆုံးခဲ့ကြသည်ဟု ဆိုသည်။ သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်းကြေညာခဲ့ချိန်မှစပြီး အီရတ်၌သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၉၁၁ဦးဖြစ်ပြီး ယင်းအနက် ၆၉၀မှာ တိုက်ပွဲ၌သေဆုံး၍ ၂၂၁ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**

# ဘဂ္ဂဒက် ရေနံဝန်ကြီးဌာနအဆောက်အအုံ ဒုံးကျည်၊ စိန်ပြောင်းတို့ ဖြင့်ပစ်ခတ်ခံရ

ဘဂ္ဂဒက် စက်တင်ဘာ ၂၇

**ဘဂ္ဂဒက်၌ရှိသော ရေနံဝန်ကြီးဌာနအဆောက်အအုံအား ဒုံးကျည်တစ်လုံး ထက်မနည်းနှင့် စိန်ပြောင်းကျည်သုံးလုံးဖြင့် ပစ်ခတ်ခဲ့ရာ ပျက်စီးမှုအချို့ရှိသော်လည်း ထိခိုက်သေဆုံးမှုမရှိကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။**

ရေနံဝန်ကြီးဌာနသည် မွန်းလွဲ ၁၂နာရီခွဲနှင့် ၁နာရီကြား၌ ပစ်ခတ်ခံရခြင်းဖြစ်ရာ နေရာအချို့ပျက်စီးခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူ အက်စ်ဆမ်က ပြောကြားသည်။

## ပေးထား

ပစ္စည်းပျက်စီးရုံသာရှိ၍ ထိခိုက်သေဆုံးမှုမရှိကြောင်း၊ ဝန်ထမ်းများ အဆောက်အအုံ ပြောင်းရွှေ့လိုလျှင် ပြောင်းရွှေ့နိုင်ရန် ကိုယ်ပိုင်ဆုံးဖြတ်ခွင့် ပေးထားကြောင်းလည်း ၎င်းက ပြောကြားသည်။

## တိုက်ခိုက်ခဲ့

ယင်းရေနံဝန်ကြီးဌာနကို အမေရိကန်တပ်ဖွဲ့ဝင်များက လုံခြုံရေး ဆောင်ရွက်ပေးထားပြီး ထုထည်ကြီးမားသော ကွန်ကရစ်တုံးများဖြင့် ကာရံထားသည်။ အီရတ်၏ ရေနံ အခြေခံ အဆောက်အအုံကို ခုခံတိုက်ခိုက်ရေး သမားတို့က ပစ်မှတ်ထားကာ မကြာခဏ တိုက်ခိုက်ခဲ့သည်။ ထို့အတူ အီရတ်တောင်ပိုင်းနှင့် မြောက်ပိုင်းရှိ ရေနံချက် စက်ရုံနှစ်ရုံကို ရေနံများ ပေးပို့နေသော ပိုက်လိုင်းများ သောကြာနေ့က တိုက်ခိုက်ခံခဲ့ရသည်။

**(အင်တာနက်)**

မြန်မာ့အလင်း

နိုင်ငံတကာ သတင်းများ

# စက်မှုခုနစ်နိုင်ငံအုပ်စု အစည်းအဝေး ကျင်းပသည့်အခါ အီရတ်ကြွေးမြီကိစ္စ အဓိကအကြောင်းအရာ ဖြစ်မည်

**ပါရီ စက်တင်ဘာ ၂၈**

အထင်ကရ စက်မှုနိုင်ငံများမှ ဘဏ္ဍာရေး အကြီးအကဲများသည် ယခုသီတင်းပတ်၌ကျင်းပမည့် အစည်းအဝေး၌ တိုးတက်မှုရအောင် ပြုလုပ်မည်ဆိုလျှင် အီရတ်၏ကြွေးမြီ မည်၍မည်မျှကို လျှော်ပစ်မည်ဆိုခြင်းနှင့် စပ်လျဉ်း၍ သဘောကွဲမှုကို ရင်ကြားစေ့ကြရမည်ဖြစ်သည်ဟု ဆိုသည်။

ဂျီ-၇ အုပ်စုမှ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်လုပ်ငန်းရှင်များ ဝါရှင်တန်တွင် သောကြာနေ့၌ အစည်းအဝေးပြုလုပ်သည့်အခါ အီရတ်ကြွေးမြီသည် အဓိကအကြောင်းအရာ ဖြစ်မည်။

အီရတ်နိုင်ငံ၏ စစ်ကြိုကာလ ကြွေးမြီသည် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၂၀ ဘီလီယံဖြစ်ကြောင်း၊ ယင်းအနက် ဒေါ်လာ ၄၀ ဘီလီယံခန့်မှာ စက်မှု ၁၉နိုင်ငံ၏ ပါရီကလပ်သို့ ပေးရန်ရှိသောကြွေးမြီနှင့် ကြွေးကျန်များဖြစ်ကြောင်း နိုင်ငံတကာဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က ပြောကြားသည်။

**အမ်အင်အေ၊ရိုက်တာ**



ဖော်လူဂျာမြို့အား အမေရိကန်တို့ လေကြောင်းမှတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့သော အီရတ်တစ်ဦး ဆေးရုံ၌ဆေးကုသမှုခံယူနေသည်ကို စက်တင်ဘာ ၂၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# ကန်တို့ ဖော်လူဂျာအား လေကြောင်းမှထပ်မံတိုက်ခိုက် အပြစ်မဲ့ အီရတ်ခုနစ်ဦးသေဆုံး၊ ၁၃ဦးဒဏ်ရာရ

**ဖော်လူဂျာ စက်တင်ဘာ ၂၆**

အီရတ်နိုင်ငံရှိ ဖော်လူဂျာမြို့ကို အမေရိကန်တပ်ဖွဲ့က လေကြောင်းမှ တိုက်ခိုက်မှုတစ်ရပ် ယနေ့အစောပိုင်း၌ ထပ်မံပြုလုပ်ခဲ့ရာ အနည်းဆုံး အီရတ်ခုနစ်ဦးသေဆုံးပြီး၊ အမျိုးသမီးများနှင့် ကလေးများအပါအဝင် လူ၁၃ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည်။

## တိုက်ခိုက်

အမေရိကန်တို့က အီရတ်နိုင်ငံ၌ နံပါတ်တစ်ရန်သူအဖြစ် သတ်မှတ်ထားသော အဘူမူဆာအယ်ဇာကာဝီနှင့် ၎င်း၏သစ္စာခံများ တွေ့ဆုံရာနေရာအဖြစ် အသုံးပြုသည့်နေရာကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

## ကမ်းလှမ်း

ဇာကာဝီနှင့်ပတ်သက်ပြီး သတင်းပေးနိုင်ပါက အမေရိကန်ဒေါ်လာ ၂၅ သန်းပေးရန် အမေရိကန်အစိုးရက ကမ်းလှမ်းခဲ့သည်။ ဇာကာဝီ၏အဖွဲ့သည် အသေခံဗုံးခွဲတိုက်ခိုက်မှုများနှင့် နိုင်ငံခြားသားဓားစာခံများ သေဆုံးမှုတို့တွင် တာဝန်ရှိသောအဖွဲ့အဖြစ် သတ်မှတ်ရခြင်းခံရကြောင်း သိရသည်။

**(စီစီတီဗွီ)**

# အီတလီ စေတနာ့ဝန်ထမ်းအချို့ ဘဂ္ဂဒက်၌ ဆက်လက်ရှိနေ

**ဘဂ္ဂဒက် စက်တင်ဘာ ၂၇**

အီရတ်နိုင်ငံ ဘဂ္ဂဒက်တွင် နေထိုင်အလုပ်လုပ်ကိုင်သူ နိုင်ငံခြားသားဦးရေ နည်းပါးလာပြီဖြစ်သော်လည်း အစိုးရအဖွဲ့အစည်းမဟုတ်သည့် အီတလီ စေတနာ့ဝန်ထမ်းအချို့သည် ဘဂ္ဂဒက်ရှိ ကြက်ခြေနီအဖွဲ့တွင် ဆက်လက် အလုပ်လုပ်ကိုင်လျက်ရှိသည်။လခြမ်းနီအဖွဲ့နှင့် အီတလီကြက်ခြေနီအဖွဲ့တို့ပါဝင်သော ဆေးကုသရေးအဖွဲ့တွင် အီရတ်လူမျိုး ၈၀နှင့် အီတလီလူမျိုး ၂၄ဦး ပါဝင်ကြောင်း သိရသည်။

## ထွက်ပြေး

အီတလီအဖွဲ့သည် မီးလောင်ဒဏ်ရာများနှင့် ကလေးငယ်တစ်ဦးကို ပြုစုကုသပေးလျက်ရှိပြီး ဆေးရုံ၌ ရှိသည့် အချို့လူနာများသည် တိုက်ခိုက်သံများကြောင့် မကြာခဏ စိတ်အနှောင့်အယှက်ဖြစ်ရသည်။ ကြက်ခြေနီအဖွဲ့ဝင်များအား ဓားစာခံအဖြစ် ဖမ်းဆီးမှုမရှိနိုင်ကြောင်းနှင့် အသက်အန္တရာယ်ကြောင့် ထွက်ပြေးမည်မဟုတ်ဟု ဆိုသည်။

**(စီအက်ဖ်အိုင်)**



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်းက ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)**

● **ရှေ့ဖုံးမှ**

ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီးဒေါ်မြမြစန်း၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၏ ဇနီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး၊ သာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရန်ကုန်တပ်နယ်မှူးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ မြောက်မင်စီသာသနာပြုကျောင်း ထေရဝါဒတရုတ်ဘုန်းတော်ကြီး မဟာသဒ္ဒမ္မဇောတိကဓဇ ဘဒ္ဒန္တသုဘန (စုဆန်းလီ)၏တပည့် ဒါယကာ ဒါယိကာမများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး နိကာယ်ငါးရပ်ပိဋကတ်သုံးပုံ စာသင်တိုက်ကြီး၏ ပဓာနနာယကဆရာတော် တိပိဋကရ တိပိဋက ကောဝိဒဘဒ္ဒန္တ သီလခန္ဓာ ဘိဝံသထံမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီးဒေါ်ကြိုင်ကြိုင် အမှူးပြုသော ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ကြွရောက်တော်မူကြသော ဆရာတော် သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များကို ရွတ်ဖွားချီးမြှင့်တော်မူကြသည်။

**လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်း**

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်က နိကာယ်ငါးရပ်ပိဋကတ်သုံးပုံ စာသင်တိုက်ကြီး၏ ပဓာနနာယကဆရာတော်နှင့် အလှူရှင်ဆရာတော် မဟာသဒ္ဒမ္မဇောတိကဓဇ ဘဒ္ဒန္တသုဘန (စုဆန်းလီ)ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

**အလှူငွေပေးအပ်လှူဒါန်း**

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့နှင့် တက်ရောက်လာကြသူများက ဆရာတော် သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အလှူရှင် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ မြောက်မင်စီသာသနာပြုကျောင်းထေရဝါဒတရုတ်ဘုန်းတော်ကြီး မဟာသဒ္ဒမ္မဇောတိကဓဇ ဘဒ္ဒန္တသုဘန (စုဆန်းလီ)ကိုယ်စား မြန်မာလီကို ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးဟန်လင်းက နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မြင်းခြံ ဆရာတော်ကြီးအား အမှူးထား၍ လှူဒါန်းသည့် မြင်းခြံမြို့ ပုညသဟာယ နေ့စဉ် ဆွမ်းလောင်းအသင်းကြီးအတွက် ငွေပဒေသာပင် ကျပ်သိန်းတစ်ထောင်၊ မြင်းခြံမြို့ မြို့နယ် ပိဋကတ္တယဋ္ဌ တိကာရီနှင့် သာသနာပြု ဥပတ္ထမ္ဘက အဖွဲ့အတွက် ငွေပဒေသာပင် ကျပ်သိန်းတစ်ရာနှင့် ပခုက္ကူမြို့ မဟာဝိသုတာရာမ အလယ်တိုက် ပစ္စည်းလေးပါး ပဒေသာပင်အတွက် ငွေကျပ်သိန်းတစ်ရာကိုလည်းကောင်း၊ ညောင်ဦးမြို့နယ် ယာတောကြီးကျေးရွာ ယာတောကြီးကျောင်း ကျောင်းဆောက်လုပ်ရန်အတွက် အလှူငွေကျပ်သိန်း ၅၀ ကို သီလရှင်ဆရာလေး ဆူကိုကျိန့်က လည်းကောင်း စုစုပေါင်း အလှူငွေကျပ်သိန်း ၁၂၅၀ ကို ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လက်ခံယူပြီး အနုမောဒနာမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် အလှူရှင်ဆရာတော်ကိုယ်စား မြန်မာလီကိုကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးဟန်လင်းက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းလျှောက်ထားသည်။

**ရေစက်သွန်းချအမျှပေးဝေ**

ထို့နောက် နိကာယ် ငါးရပ်ပိဋကတ်သုံးပုံ စာသင်တိုက်ကြီး၏ ပဓာနနာယက ဆရာတော် တိပိဋကရ တိပိဋကကောဝိဒ ဘဒ္ဒန္တသီလခန္ဓာဘိဝံသထံမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် အမှူးပြုသော ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ ကြွရောက်တော်မူလာကြသော ဆရာတော် သံဃာတော်များနှင့် ပရိသတ်များက ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကာ လှူဒါန်းပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**



**ဘဒ္ဒန္တ သုဘန(စုဆန်းလီ)ကိုယ်စား မြန်မာလီကို ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးဟန်လင်းက အလှူငွေများပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေ လက်ခံယူစဉ်။**

**(သတင်းစဉ်)**



**ဆက်ကပ်လှူဒါန်း**

**ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့က ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)**

# လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာအာဆီယံဝန်ကြီးများအာဆီယံနှင့် အရှေ့အာရှ ဆွေးနွေးဖက်သုံးနိုင်ငံအစည်းအဝေးကျင်းပရေးဦးစီးကော်မတီ ဒုတိယအကြိမ်စည်းဝေး

ရန်ကုန် စက်တင်ဘာ ၂၈

**လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ၊ အဆင့်မြင့်အရာရှိများ၏ (၂၆)ကြိမ်မြောက် အစည်းအဝေးနှင့်အာဆီယံနှင့် အရှေ့အာရှ ဆွေးနွေးဖက်သုံးနိုင်ငံတို့၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေးကျင်းပရေးအတွက် အစည်းအဝေးကျင်းပရေးဦးစီးကော်မတီ၏ ဒုတိယအကြိမ် အစည်း အဝေးကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း သီရိမင်္ဂလာရိပ်သာလမ်းသွယ်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ထွေးဦး၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထဲရေး ဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ကျန်းမာရေး ဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ရှေးဦးစွာ အစည်းအဝေး ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက အမှာစကားပြောကြားသည်။

ဆက်လက်၍ သက်ဆိုင်ရာ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီဥက္ကဋ္ဌများက လယ်ယာ စိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ၊ အဆင့်မြင့် အရာရှိများ၏ (၂၆) ကြိမ်မြောက် အစည်းအဝေးနှင့် အာဆီယံနှင့် အရှေ့အာရှဆွေးနွေးဖက်သုံးနိုင်ငံတို့၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို တင်ပြဆွေးနွေးကြသည်။

ထို့နောက် အစည်းအဝေးတက်ရောက်သူများက လုပ်ငန်းဆိုင်ရာများ ပါဝင်ဆွေးနွေးကြသည်။

ယင်းနောက် အစည်းအဝေး ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မှတ်သားဖွယ်ရာမိုးရေချိန်**

၂၇-၉-၂၀၀၆

| | |
|---|---|
| **ကလေးဝမြို့** | |
| ၂ ဒသမ ၄၈ လက်မ | |
| **ပူတာအိုမြို့** | |
| ၁ ဒသမ ၅၇ လက်မ | |

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် မိုးရေချိန်**

၂၈-၉-၂၀၀၆

| | |
|---|---|
| **ရန်ကုန်မြို့လယ်** | |
| ၀ ဒသမ ၁၆ လက်မ | |
| **ကမ္ဘာအေး** | |
| ၀ ဒသမ ၁၆ လက်မ | |
| **မင်္ဂလာဒုံ** | |
| ၀ ဒသမ ၅၂ လက်မ | |

စာမျက်နှာ ၃ မှ

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်အမှူးပြုသော ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် မဟာပုညောပကာရဓမ္မာရုံကြီး၌ ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြပြီး မဟာသကျမုနိရုပ်ပွားတော်မြတ်အား ပန်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်း၍ ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် အလှူတော်ငွေပေးအပ်လှူဒါန်းခြင်းအစီအစဉ်ကို မဟာပုညောပကာရဓမ္မာရုံကြီး၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်မြို့ ဇေတိကာရုံကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိထံမှ ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

## ကိုးပါးသီလ ခံယူဆောက်တည်



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်အမှူးပြုသော ဧည့်ပရိသတ်များက မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး ဂန္ဓကုဋိတန်ဆောင်းတော်ကြီး ရွှေထီးတော်တင်လှူပွဲတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

### လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်မိသားစု၏ ကိုယ်စား ဦးကြိုင်စန်းရွှေနှင့်ဇနီး ဗိုလ်မှူးဒေါ်ခင်ဝင်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး



ဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ဆရာတော် သံဃာတော်များအား သက်န်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

### အလှူငွေများပေးအပ်လှူဒါန်း

ထို့နောက် ဂန္ဓကုဋိတန်ဆောင်းတော်ကြီးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် သားသမီးမြေးမိသားစုက ငွေကျပ်၁၀သိန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်းနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ ဇနီးများက ငွေကျပ်၅၃၀၀၀၀၊ ကာကွယ်ရေးဝန်ကြီးဌာန တိုင်းမှူး၊ တပ်မမှူးများက ငွေကျပ် ၂၈၅၀၀၀၀၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ငွေကျပ် ၁၀သိန်း၊ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ လူမှုထူးချွန်ပထမဆင့် ဦးငွေးမြင့်-ဒေါ်အေးအေးမော် ယုဇနကုမ္ပဏီလီမိတက်က ငွေကျပ် သိန်း ၁၅၀၊ ဦးတင်စိန်(ဥက္ကဋ္ဌ မြန်မာယူနီဗာဆယ်ဘဏ်)၏ဇနီး ဒေါ်နန်းခမ်းတင့်က ငွေကျပ် ၁၂၅သိန်း၊ ပတ္တမြားနဂါးကုမ္ပဏီနှင့် ကျောက်စိမ်းနဂါးကုမ္ပဏီဥက္ကဋ္ဌ သီရိသုဓမ္မမဏိ ဇောတဓရ ဦးနေဝင်းထွန်းနှင့် ဇနီးဒေါ်နန်းအေးအေးမြင့်မိသားစုက ငွေကျပ် သိန်း၁၁၀၊ ရိုးမနဂါးကုမ္ပဏီက ငွေကျပ် သိန်း ၁၀၀၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက ငွေကျပ် သိန်း၁၀၀၊ ဦးကျော်နိုင်ဦး (နိုင်ဂရု(ဖ်)ဆောက်လုပ်ရေးကုမ္ပဏီ)က ငွေကျပ် သိန်း၉၀၊ ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက်အလှူခံမဏ္ဍပ်များမှ အလှူခံရရှိငွေ ၅၃၃၂၆၂၁ကျပ်၊ ဦးကိုကိုထွေးမိသားစုက (ဦးကိုကိုထွေး နှစ် ၅၀ ပြည့် အထိမ်းအမှတ်)အဖြစ် ငွေကျပ် သိန်း ၅၀၊ ဦးမောင်မောင်မိသားစု [အိမ်ဆောက်သံထည်ပစ္စည်းရောင်းဝယ်ရေး၊ စက်မှုဇုန်(၃)၊ဒဂုံမြို့သစ် (တောင်ပိုင်း)]က ငွေကျပ် သိန်း ၅၀၊ ဦးမောင်မောင် (Asia Express)၊ ဒေါ်မြရင် (မြသီဂီဆေးဆိုင်) အင်းလျားရိပ်သာလမ်း၊ ဦးအိုက်ထွန်း (ရွှေတောင်ကုမ္ပဏီလီမိတက်)၊ မောင်ဝိတ်ကုမ္ပဏီလီမိတက်၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း၊ Golden Flower Co.,Ltd.၊ ဒေါက်တာစိုင်းစံထွန်း (လွယ်ဟိန်းကုမ္ပဏီလီမိတက်)၊ SMI Co., တို့က ငွေကျပ် ၂၅သိန်းစီ၊ Krislite (Myanmar) Ltd. Management & Staff က ငွေကျပ် သိန်း ၂၀၊ ဦးကျော်သူရအောင်၊ ဦးအောင်လွင်အောင် (ကေအမ်အလူမီနီယံမိသားစု)က ငွေကျပ် ၁၉၅၀၀၀၀၊ ဦးသန်းလှ တီ ကြားကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့က ငွေကျပ် ၁၈၉၀၀၀၀၊ ဦးစိုးတင့်(စိုးလျှပ်စစ်ထရန်စဖော်မာ) ဒဂုံမြို့သစ် (တောင်ပိုင်း) စက်မှုဇုန်က ငွေကျပ် ၁၇၅၀၀၀၀၊ ဦးအိုက်လင်း(ဂရိတ်နိုင်းကုမ္ပဏီ)က ငွေကျပ် ၁၅သိန်း၊ ဦးတင်ဆန်း(သာကေတမြို့နယ်)က ငွေကျပ် ၁၂သိန်း၊ ဦးသိန်းဟန်(တိုက်ကြီးပိုက်)က ငွေကျပ်၁၂သိန်း၊ ဦးတင်ဦး-ဒေါ်လှမြင့် (ရွှေစင်ရတနာ ရွှေဆိုင်)လမ်းမတော်မြို့နယ်က ငွေကျပ် ၁၁၃၀၀၀၀၊ ဦးဝင်းမြင့်



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် သားသမီးမြေး မိသားစုက ငွေကျပ်ဆယ်သိန်းကို ဂန္ဓကုဋိတန်ဆောင်းတော်ကြီး အတွက် ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ လက်ခံရယူစဉ်။ (သတင်းစဉ်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်းက မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး ဂန္ဓကုဋိတန်ဆောင်းတော်ကြီးတွင် တင်လှူပူဇော်မည့် ငှက်မြတ်နားတော်ကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

(ဥက္ကဋ္ဌ) ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ငွေကျပ် ၁၁သိန်း၊ ဦးစိုင်းအိုက်ပေါင်း-ဒေါ်နန်းစိန် (စိန်မေတ္တာမွန်ဆားစက်)မင်္ဂလာတောင်ညွန့်၊ ဒေါက်တာတင့်စိုးလင်း (ရွှေပုစွန်ကိတ်) သာကေတစက်မှုဇုန်၊ ဦးခင်ဇော်(ကျားကိုးကောင်မော်တော်ယာဉ် ထုတ်လုပ်ရေး) ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဦးအောင်မြတ်(မားသားထရေးဒင်း ကုမ္ပဏီလီမိတက်)၊ ဦးဖေလှိုင်-ဒေါ်ငွေးခင် (ဆေးလိပ်ဗားရှိုင်းဆေးဝါးထုတ်လုပ်ရေး) ရွှေပေါက်ကံ၊ ဦးဇော်ဇော်နိုင်၊ ဒေါက်တာဇော်ထွန်း-ဒေါ်ငွေးငွေးကြည်မိသားစု ဒဂုံအရှေ့ စက်မှုဇုန်၊ ဦးကျော်မင်း ပြည်လမ်း စမ်းချောင်း၊ ဦးဝင်းမြင့် သံလွင်လမ်း ကမာရွတ်၊ သီရိသုဓမ္မမဏိဇောတဓရ ဦးစိန်လှဝင်း (စိန်နှင့်စန်းကုမ္ပဏီ)၊ ဒေါက်တာမိုးတင် ဦးထွန်းမြတ်လမ်း တာမွေ၊ ဒေါက်တာဝင်းဇော် ဓမ္မာရုံလမ်း ရန်ကင်း၊ ဒေါ်အေးမြတ်နွယ် ပုဂံဟိုတယ် ဆရာစံလမ်း ဗဟန်း၊ ဦးဇော်မင်းဇင် သံလွင်လမ်း ကမာရွတ်၊ ဒေါ်တင်နွယ်ဦး မှန်ချိုဆေးတိုက် ပန်းဘဲတန်း၊

စာမျက်နှာ ၇ ကော်လံ ၁ သို့

*စာမျက်နှာ ၆ မှ*

ဒေါ်ရွှေဇင် Gold Uni Jewellery ဝက်ဘာလမ်း ဗဟန်း၊ ဒေါ်ခင်ဝါဝါ ဗိုလ်ချုပ်လမ်း ကျောက်တံတား၊ ဦးတင်ဝင်း–ဒေါ်စန်းဝင်း ကေအင်န်ကုမ္ပဏီ၊ ဦးစိန်ဦး–ဒေါ်စန္ဒာအေး ပြည်သူ့လမ်း မရမ်းကုန်း၊ ဦးစိုင်း သန်းအောင်–ဒေါ်နန်းယဉ် Van Tage Co., Ltd.,၊ ပထမ ပုဂ္ဂလိကဘဏ် လီမိတက်၊ ဦးရွှေပွန်ထွေးနှင့် ဒေါ်ဝင်းဝင်းတို့အား ရည်စူး၍ ဦးအောင်သန်းမြင့် စူပါပါဝါကုမ္ပဏီလီမိတက်၊ ဦးစိုင်းမျိုးဝင်း၊ ဦးခင်မောင်စန်းနှင့် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (မြို့တွင်း)တို့က ငွေကျပ် ၁၀ သိန်းစီကိုလည်းကောင်း၊ ဦးညွန့်ဌေး–ဒေါ်နီလာရွှေ (ကြာငါးခိုင်သက်န်းတိုက်) ကြည့်မြင်တိုင်က ငွေကျပ် ကိုးသိန်း၊ ဦးကျော်စိုးက ငွေကျပ်၇၅၀၀၀၀၊ ဦးရီထွေး–ဒေါ်ဝင်းရွှေ၊ သား အောင်မျိုးသူ၊ မျိုးမင်းသူ(ကြည့်မြင်တိုင်မြို့နယ်)၊ ကိုအောင်မျိုးသူ–မမိုးမိုးသန့်၊ သား ခန့်ဝေယံ (ကြည့်မြင်တိုင်မြို့နယ်)၊ ဒေါ်စန်းကြည် ဒေါ်ခင်ခင် (မိဘမေတ္တာ–အထပ်သားရောင်းဝယ်ရေး)၂၇လမ်း၊ ကိုတင်အေး၊ မလွင်လွင်မာ၊ မဥမ္မာအောင်၊ မအေးသင်းသင်းစိုး၊ မတင်တင်မွန်း (မိဘမေတ္တာမိသားစု)၊ ဦးစံမြ သမီး–ဒေါ်တင်အုန်း သားသမီးမြေးများ (ကြည့်မြင်တိုင်)၊ ဒေါ်လှမြင့် (ကရဝိက်သက်န်းတိုက်) အမှူးထား၍ ဒေါ်နွဲ့နွဲ့ရီ၊ သား မောင်မြတ်သူ၊ သမားတော်ဦးဘိုကြီး– ဒေါ်သန်းသန်း (ရေတာရှည်လမ်းဟောင်း၊ ဗဟန်း)၊ ဦးလှမြင့်–ဒေါ်လှမေ သမီး မစုမွန်ငြိမ်း၊ သား အောင်မျိုးဇော်၊ စိုင်းညီညီမိသားစု၊ ဦးကိုကိုဇော်–ဒေါက်တာချိုမာလှိုင်၊ သား မောင်စောရန်နောင်၊ သမီး မသဲနုစံမိသားစု၊ နာယကချုပ်ဆရာတော် ဦးပညိန္ဒနှင့် ဒါယကာ ဒါယိကာမများနှင့် ဦးနေဝင်းဆွေ–ဇနီးဒေါ်စန္ဒာ (ဥက္ကဋ္ဌ၊ NWS ကုမ္ပဏီလီမိတက်)တို့က ငွေကျပ်ခုနစ်သိန်းစီ၊ ဦးသိန်းမောင်–ဒေါ်ပါးပါး (စန္ဒီပရဆေးလုပ်ငန်း)က ငွေကျပ် ၅၀၀၀၉၀၊ ဦးနှင်းစိန်–ဒေါ်မြငြိမ်း (အောင်သိန်းသစ်ရောင်းဝယ်ရေးနှင့် အချောထည်လုပ်ငန်း)၊ ဦးထွန်းလင်း (ကမာရွတ်မြို့နယ်)၊ သမားတော်ဦးရွှေမြ (ဆရာစံတောင်၊ ဗဟန်း)၊ ဦးလှဌေးနိုင် မိသားစု၊ ဦးသာဦး(ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန)၊ ကေဝိုင် ကျော်ကျော်ကုမ္ပဏီလီမိတက်၊ ဗိုလ်မှူးကြီးဇော်လင်း–ဒေါ်ကြည်ကြည်ဝင်း (မရမ်းကုန်းမြို့နယ်)၊ ဒေါက်တာအောင်သိန်း (နီပန်အီလက်ထရွန်နစ်–သာကေတစက်မှုဇုန်)၊ ဦးတင်စိန်–Countryကြိမ်ပရိဘောဂစက်ရုံ သာကေတ စက်မှုဇုန်၊ ဦးသက်အောင် (ဝင်းနားဘရားသားကုမ္ပဏီလီမိတက်)၊ ဦးစံလင်း (စူပါဆဲဗင်းစတားမော်တော်ယာဉ်နှင့်အပိုပစ္စည်း)၊ ငါးပိငါးခြောက်၊ ငံပြာရည် လုပ်ငန်းစီမံကိန်း(ဒဂုံဆိပ်ကမ်း)၊ ဦးကျော်အောင်(ဘင်ဟာကုမ္ပဏီလီမိတက်)၊ ဦးမျိုးဦး(ဦးကြူဂျုံစက်)၊ ဦးအုန်းဆိုင် (New Golden Gate Co., Ltd.)၊



နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် မိသားစုက ကျောင်းကြီးတိုက် နာယကချုပ်ဆရာတော် ကျောင်းဆောင်သစ် ဆောက်လုပ်မှုဆိုင်ရာ စာရွက်စာတမ်းများကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

သွင်းကုန်ထုတ်ကုန်ကုမ္ပဏီ၊ စက်မှုဇုန်(၁) စီမံခန့်ခွဲရေးကော်မတီ ဒဂုံမြို့သစ် (တောင်ပိုင်း)၊ ဒဂုံဆိပ်ကမ်းစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ၊ ဒေါ်အေးအေးမြင့် ဆီနိုဒါကော်ဖီမစ်၊ တောင်ဥက္ကလာပစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ၊ ဦးမင်းဟန် စော်ဘွားကြီးကုန်း၊ ဦးမင်းသန်းဌေး စက်မှုဇုန် ၂၊၃၊၄ လှိုင်သာယာ၊ Super Lamp Co.,၊ ဦးအောင်သွင်–ဒေါ်ကျင်ရီ အောင်ရတနာသိဒ္ဓိပွဲရုံ၊ ဦးအောင်ဝင်း G.Sဘက်ထရီ၊ ဦးအောင်သွင်–ဒေါ်ကျင်ရီမိသားစု လှိုင်သာယာနှင့် ဦးခင်မောင်ထွန်း ထက်လင်းဆေးတိုက်တို့က ငွေကျပ်နှစ်သိန်းစီကိုလည်းကောင်း၊ ဦးအေးသွယ်–ဒေါ်မာမာခိုင် ရန်ကင်းမြို့နယ်က ငွေကျပ် ၁၉၉၀၀၀၊ ဦးတင်မောင်ဆွေ–ဒေါ်မေသက်ချိုဦး ကွမ်းရွှလမ်းက ငွေကျပ် ၁၈၀၀၀၀၊ ဒေါ်ငြိမ်းမြ မိသားစု ဌာနာလမ်းအလုံ၊ ဦးအုန်းတင် (မြန်မာမှုအကြံပေး) မိသားစုနှင့် ဦးလှဝင်း မာမက်စားသောက်ဆိုင်တို့က ငွေကျပ် ၁၅၀၀၀၀စီ၊ Mother Land ဆောက်လုပ်ရေးကုမ္ပဏီက ငွေကျပ် ၁၂၉၆၀၀၊ ဦးစိုးအောင် မိသားစု (ထန်းတစ်ပင်)၊ ဦးစိုးလွင်(ထန်းတစ်ပင်)၊ ဦးဌေးလှိုင် ဗွီဗွီအချိုရည်တို့က ငွေကျပ်တစ်သိန်းစီကိုလည်းကောင်း၊ ဦးသောင်းလွင်မိသားစု၊ ဒုတိယရဲအုပ်နေမျိုး–ဒေါ်မြင့်မြင့်အေး၊ ဒေါ်အောင် ကွမ်းရွှလမ်း၊ ဦးအောင်မြင့်– ဒေါ်လှစန်းဝေ၊ ဦးခင်အောင်မိသားစု အုန်းပင်လမ်း၊ ဦးကျင်သိန်း–ဒေါ်ဆွေဆွေသန်း ကျောင်းကြီးလမ်း၊ ဦးစိုးဝင်းနိုင်–ဒေါ်မျိုးခိုင်၊ ဒေါ်ညိုဝင်း၊ ဒေါ်ခင်မြင့်၊ ဒေါ်ခင်တင့် ဂဠုန်သက်န်းတိုက်၊ ဦးအုန်းမြင့်–ဒေါ်လှမြင့် ရတနာပုံလမ်း၊ ဦးကျော်ခင် KISJ+L Co., Ltd.၊ ဦးကျော်စိန် Jewellery Luck Co., Ltd.၊ ဦးကျော်မြင့်–ဒေါ်စိန်မြ ပိတောက်ပင်လမ်း၊ ဦးကျော်ကျော်–ဒေါက်တာဒေါ်ဝင်းဝင်းမြင့် ဒဂုံအရှေ့၊ ဦးအောင်စိန်–ဒေါ်နုနုအေး ရန်ကုန်–အင်းစိန်လမ်း ကမာရွတ်၊ ဒုတိယရဲမှူးမြဌေး–ဒေါ်စိုးစိုး ကြည့်မြင်တိုင်ရဲတပ်ဖွဲ့နှင့် ဒေါ်ထွေးမိသားစုတို့က ငွေကျပ်တစ်သိန်းစီကိုလည်းကောင်း စုစုပေါင်းအလှူတော်ငွေကျပ် ၁၇၇၁၉၂၀၀၀ ကို အသီးသီးပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် တာဝန်ရှိသူများက လက်ခံယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

### ရေစက်သွန်းချအမျှပေးဝေ

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသထံမှ ရေစက်ချအနုမောဒနာတရားနာယူကြပြီး ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို မွန်းလွဲပိုင်းတွင် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

**ကျောင်း ဆောင် သစ်**



**ကျောင်းကြီးတိုက် နာယကချုပ် ဆရာတော်၏ ကျောင်းဆောင်သစ်ကို တွေ့ရစဉ်။**
**(သတင်းစဉ်)**

ဦးငွေခိုင်–ဒေါ်ခင်မာထွေး (အောင်သပြေခိုင်ကုမ္ပဏီလီမိတက်)၊ ဦးမျိုးမြင့် (M-3 Food Centre)၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊ လှိုင်သာယာစက်မှုဇုန်နှင့် ဒဂုံတောင်စက်မှုဇုန်တို့က ငွေကျပ်ငါးသိန်းစီကိုလည်းကောင်း။

ဦးအောင်သန်းမြင့် (စူပါပါဝါကုမ္ပဏီ)က ငွေကျပ်၄၈၀၀၀၀၊ အမှတ်(၃) စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ ဒဂုံမြို့သစ်(တောင်ပိုင်း)က ငွေကျပ်လေးသိန်း၊ တပ်ကြပ်ကြီးအောင်ဇော်လင်း ဆလအ(၉၆၃)က ငွေကျပ် ၃၁၂၀၀၀၊ ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင် အေးချမ်းသာယာလမ်း ဗဟန်း၊ ဒဂုံတင်ဝင်း ဦးဘိုးစော လမ်း ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဦးစိုးသိန်း ရွှေနံ့သာလမ်း ဗဟန်း၊ ဦးလှမြင့် ကေသီပန်ဆေးတိုက်၊ ဦးအောင်မွန်–ဒေါ်လှလှမော် မြင့်မြတ်စပါးရောင်းဝယ်ရေး၊ ဦးနေဝင်း၊ ဦးသက်တင်ဝင်း (နေလမော်တော်ယာဉ်ထုတ်လုပ်ရေး) မြောက်ဥက္ကလာပ၊ ဦးမျိုးအောင် ဆန်းမြန်မာကုမ္ပဏီလီမိတက်၊ ဦးသိုင်းဝင်း–ဒေါ်ဌေးဌေးညွန့် ဘီတီဘီကုမ္ပဏီလီမိတက်၊ ဦးသန်းနိုင်–ဒေါ်ကြည်ကြည်ဆွေ သမ္မတ သက်န်းတိုက်၊ ဦးထွန်းရွှေ ထွန်းရွှေဝါဆေးတိုက်၊ စက်မှုဇုန်(၂) စီမံခန့်ခွဲရေး ကော်မတီ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဦးမြမင်း–ဒေါ်သီတာမြင့် မရမ်းကုန်း၊ ဦးချစ်ဝင်းအားရည်စူး၍ ဒေါ်မြမြ သားသမီးမြေးတစ်စု၊ ဦးချစ်–ဒေါ်အေးရွှေ၊ ဦးလှမြင့် PMG ကုမ္ပဏီနှင့် ဦးဝေလင်း တော်ဝင်စက်ရုံတို့က ငွေကျပ်သုံးသိန်းစီကိုလည်းကောင်း။

ဒဂုံမြို့သစ်(မြောက်ပိုင်း) စီးပွားရေးဖွံ့ဖြိုးမှုဇုန် စီမံခန့်ခွဲမှုကော်မတီက ငွေကျပ် ၂၅၀၀၀၀၊ ဦးကာစီ–ဒေါ်ခင်အုန်းမြင့်မိသားစု ဗိုလ်သူရလမ်း ကြည့်မြင်တိုင်နှင့် ဦးကျော်ဌေး–ဒေါ်တင်တင်မော် ပိတောက်လမ်း ကြည့်မြင်တိုင်တို့က ငွေကျပ် ၂၁၀၀၀၀စီ၊ အေဝမ်းကိုညီညီ အေဝမ်းကားပစ္စည်းဆိုင်၊ ဒုတိယဗိုလ်မှူးကြီးသိန်းတိုး–ဒေါ်သန်းသန်းနွယ် ဆင်ဖြူရှင်ရိပ်သာ၊ ဦးစိုးစိုး–ဒေါ်မြင့်မြင့်စန်း ယုဇနပလာဇာ မြေညီထပ်၊ ဦးကျော်ဌေး–ဒေါ်တင်တင်မော်မိသားစု ပိတောက်ပင်လမ်း ကြည့်မြင်တိုင်၊ ဦးအောင်သန်းဦး ဆန်စပါးကုန်သည်များ အသင်း၊ ဦးသိန်းဟန် ဆီလုပ်ငန်းရှင်များအသင်း၊ ဒေါ်နန်းခင်သန်းဝင်း ကျောင်းကြီးလမ်း ကြည့်မြင်တိုင်က ငွေကျပ် ၁၁၅၀၀၀၊ ဒေါ်တင်မြမိသားစု တန်ဆောင်းကြီးလမ်းက ငွေကျပ် ၁၁၁၀၀၀၊ ဦးတင်အောင်လွင်–ဒေါ်ခိုင်ခိုင်ထူးအောင် ကျောင်းကြီးလမ်း ကြည့်မြင်တိုင်က ငွေကျပ်၁၀၃၃၂၀၊ ဦးစိုးရှိန် လှော်ကားလမ်းမကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဦးတင်အောင်–ဒေါ်လှလှနွယ်ဝင်း ရတနာသယ်ယူပို့ဆောင်ရေး၊ ဦးငြိမ်း–ဒေါ်အုန်းကြင် အိုကေ ဆန်ရောင်းဝယ်ရေး၊ ဦးခင်စိန် ရွှေပြည်သာစက်မှုဇုန်၊ ဦးကျော်ကျော်မြင့် Good Morning ကုမ္ပဏီ၊ ဦးမြသိန်း (မြင့်မိုရ်အောင်)၊ ဦးကျော်ဝင်း (ရွှေအိုး)၊ ဦးမျိုးသိန်း (Top One)၊ ဦးအောင်မိုးကျော် (IBT) ဦးဌေးမြင့်အောင်

**မြန်မာ့ရုပ်မြင်သံကြား**

**၂၉–၉–၂၀၀၄ (ဗုဒ္ဓဟူးနေ့)**
**နံနက်ပိုင်း**

၇း၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇း၅၅ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၁၀ ၇။ အတီးပြိုင်ပွဲ
၈း၂၀ ၈။ လမ္ဘူးတံတား
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ Learning English the Easy and Happy Way for Children and Beginners

**ညပိုင်း**

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ Practice in Reading
၁၆း၄၅ ၄။ တေးဂီတအစီအစဉ်
၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(သတ္တဗေဒ၊ ဓာတုဗေဒ အထူးပြုများ) (ဓာတုဗေဒ)
၁၇း၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇း၃၀ ၇။ ၂၀၀၄ ခုနှစ် ဒွါဒသမအကြိမ် (၁၂ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် ဓမ္မပူဇာတေး(အခြေခံပညာ ၅–၁၀နှစ်) (အမျိုးသမီး)
၁၇း၄၅ ၈။ ဂီတမဟာ ပျော်စရာ
၁၈း၀၀ ၉။ ကြွခိုင်ကျန်းမာပြည်မြန်မာ
၁၈း၁၀ ၁၀။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၈း၂၀ ၁၁။ Discovery
၁၈း၃၀ ၁၂။ ညနေခင်းသတင်း
၁၉း၀၀ ၁၃။ မိုးလေဝသအခြေအနေ
၁၉း၀၅ ၁၄။ ဝင်ငွေတိုးပွားစေရာဆီအိုးတနသ်္ာရီမှာ (အပိုင်း–၁)
၁၉း၂၀ ၁၅။ တေးဂီတအစီအစဉ်
၁၉း၃၅ ၁၆။ အပြည်ပြည်ဆိုင်ရာဆန်စပါးနှစ် ၂၀၀၄ ဆွေးနွေးခန်း(အပိုင်း–၁)
၂၀း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ Colourful Seasons in China (Part-1)
၂၀။ မိုးလေဝသအခြေအနေ
၂၁။ **"ဆည်းဆာ၏အရှက်ဦး"** [သတ္တိ၊ မေသဥ္ဇာဦး၊ မေထွဋ်ခေါင်၊ ဦးစောနိုင် (ရှမ်းပြည်)၊ ဒေါ်အိအိစိုး] (ဒါရိုက်တာ–မျိုးအေး)


**ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များထူထောင်ဖို့၊**
**ဝိုင်းဝန်းကူညီဆောင်ရွက်စို့။**

**၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့အထိ နိုင်ငံအဝန်းတွင်**
**ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၈၇၉၄)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။**

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

# ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

☆ *ကျောဖုံးမှ*

## ဆွေးနွေးညှိနှိုင်း

အစည်းအဝေးတွင် ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံပညာရေးကဏ္ဍ အရည်အသွေးတိုးတက်မြင့်မားရေးအတွက် ပညာရေးကဏ္ဍနှင့် ပါဝင်ပတ်သက်သည့် ဝန်ကြီးဌာနအသီးသီး၏ကြိုးပမ်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်ရေးအတွက် ဤအစည်းအဝေးတွင် ဆွေးနွေးညှိနှိုင်းသွားရန်ဖြစ်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ပညာရေးကဏ္ဍနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနတစ်ခုတည်းတွင်သာမက ကျန်းမာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာန၊ သာသနာရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊



**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက တည်ဆောက်ဖွင့်လှစ်ပေးခဲ့သော ရှမ်းပြည်နယ် လွိုင်လင်ခရိုင်ရှိ ပင်လုံ အစိုးရကွန်ပျူတာကောလိပ်ကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)**

သမဝါယမဝန်ကြီးဌာန စသည့်ဝန်ကြီးဌာနများအပြင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့အောက်တွင်ပါကဏ္ဍအလိုက်၊ ဘာသာရပ်အလိုက်၊ ပညာရပ်အလိုက် တက္ကသိုလ်များ၊ ကောလိပ်များအသီးသီးဖွင့်လှစ်ထူထောင်ထားကြကြောင်း။

## စီမံချက်ရေးဆွဲ

သို့ဖြစ်၍ အမျိုးသားပညာရည်မြင့်မားရေးနှင့် ပညာရေးကဏ္ဍ အရည်အသွေးမြင့်မားရေး ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်မှုများတွင် ဝန်ကြီးဌာနအသီးသီးအောက်ရှိ တက္ကသိုလ်များ၊ ကောလိပ်များအားလုံးတွင် တစ်ပြေးညီ တိုးတက်ဖြစ်ထွန်းစေရအောင် ဟန်ချက်ညီညီ စီမံချက်ရေးဆွဲ ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ ပညာရေးအဆင့်အတန်းကို အရှေ့တောင်အာရှတွင် ပညာရေးကဏ္ဍ၌ ရှေ့တန်းရောက်နေသော နိုင်ငံများ၏ ပညာရေးအဆင့်အတန်းနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေး ရည်မှန်းချက်ဖြင့် အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းကိုချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း။

## အောင်မြင်တိုးတက်

အထူးသဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များ၊ ကောလိပ်များတွင် အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ အတိုင်းအတာတစ်ခုအထိ အောင်မြင်တိုးတက်ဖြစ်ထွန်းလာခဲ့သည်ကို တွေ့ရကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တက္ကသိုလ်များ၊ ကောလိပ်များမှာ ဝန်ကြီးဌာနများတွင် ဖြန့်ကြက်တည်ရှိနေသလို နိုင်ငံတော်၏နယ်မြေအစိတ်အပိုင်း၊ ပြည်နယ်နှင့်တိုင်းများ အားလုံးတွင်လည်း လွှမ်းခြုံတည်ရှိလျက်ရှိနေကြောင်း။

သို့ဖြစ်၍ တက္ကသိုလ်များ၊ ကောလိပ်များ ဖွင့်လှစ်ထူထောင်ထားသည့် ဝန်ကြီးဌာနများ အားလုံးအနေဖြင့် အရှေ့တောင်အာရှနိုင်ငံများ၏ ပညာရေးအဆင့်အတန်းနှင့်ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေးရည်မှန်းချက်ပြည့်မြောက်အောင်မြင်စေရအောင် ရည်မှန်းချက်ရှိရှိဖြင့် ပြည့်စုံခိုင်မာသည့် စီမံကိန်းများချမှတ်ပြီး စနစ်တကျ ကြိုးပမ်းစီမံဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

## ကြိုးပမ်းဆောင်ရွက်

ထို့အပြင် မြန်မာနိုင်ငံရှိတက္ကသိုလ်များအနေဖြင့် နိုင်ငံတကာနှင့်ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံတကာရှိမိတ်ဖက်တက္ကသိုလ်များနှင့်ချိတ်ဆက်လျက် ပညာဖလှယ်မှုအစီအစဉ်များ၊ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန်အထောက်အကူပြုမှုအစီအစဉ်များ၊ အပြန်အလှန်လေ့လာရေး၊ ပညာတက်ရောက်သင်ကြားရေးအစီအစဉ်များ စီမံဆောင်ရွက်ပြီး မိမိတို့တက္ကသိုလ်ကို ခေတ်ကာလနှင့်ဆီလျော်ညီညွတ်စွာ အဆင့်အတန်းမြင့်မားသည့် တက္ကသိုလ်များဖြစ်လာစေရအောင် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

ယခုအခါ၌ မြန်မာနိုင်ငံတက္ကသိုလ်များတွင် ပါရဂူဘွဲ့များ သင်ကြားအပ်နှင်းလျက်ရှိရာ၌ နိုင်ငံတကာအဆင့်မီ သုတေသနစာတမ်းများတင်သွင်းနိုင်ခြင်း၊ မြန်မာနိုင်ငံမှ ဝါရင့်သမ္မာရင့်ပညာရှင်ကြီးများအပြင် နိုင်ငံတကာမှ ပညာရှင်များပါ ပါဝင်လျက် စိစစ်ခြင်းစနစ်များဖြင့် နိုင်ငံတကာ စံချိန်စံညွှန်းနှင့် အရည်အသွေးပြည့်မီအောင် စီမံဆောင်ရွက်နေသည့် အစဉ်အလာကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

## တစ်နှစ်ထက်တစ်နှစ်တိုးတက်

မြန်မာနိုင်ငံအနေဖြင့် အခြေခံပညာကဏ္ဍမှာရော အဆင့်မြင့်ပညာကဏ္ဍမှာပါ ပညာရေးမြှင့်တင်မှုအစီအမံများ၊ ပညာရေးအရည်အသွေးမြင့်မားစေရေး အစီအမံများကို နယ်စပ်အစွန်အဖျားဒေသများပါမကျန် တစ်နိုင်ငံလုံး လွှမ်းခြုံလျက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ၊ ထို့အပြင် နိုင်ငံသားများအားလုံး အခြေခံစာတတ်မြောက်စေရေးအတွက်'အ'သုံးလုံးအစီအစဉ်များကို နယ်စပ်အစွန်အဖျားဒေသများပါမကျန် တိုးချဲ့လွှမ်းခြုံအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သဖြင့် သက်ကြီးစာတတ်မြောက်သည့် ရာခိုင်နှုန်းမှာ တစ်နှစ်ထက်တစ်နှစ် တိုးတက်ဖြစ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းများရေးဆွဲချမှတ်ရာတွင် ပညာရေးကဏ္ဍမှတာဝန်ရှိသူများ၊ ပညာရှင်ကြီးများ၊ ဆရာ ဆရာမများပါ ပါဝင်သည့် ပညာရေးနှီးနှောဖလှယ်ပွဲများကို နှစ်စဉ်ကျင်းပပြီး ယခင်နှစ် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများ သုံးသပ်ခြင်း၊ ရှေ့လုပ်ငန်းစဉ်များနှင့် မူဝါဒများချမှတ်ခြင်းတို့ကို စနစ်တကျ စီမံဆောင်ရွက်လျက်ရှိရာ အလွန်ကောင်းမွန်သည့်အစဉ်အလာကောင်း တစ်ရပ်ဖြစ်ထွန်းနေခြင်းပင်ဖြစ်ကြောင်း။

သို့ဖြစ်၍ တက္ကသိုလ်၊ ကောလိပ်များ ဖွင့်လှစ်ထားသည့် အခြားသောဝန်ကြီးဌာနများကလည်း ယင်းအစဉ်အလာကောင်းနှင့်အညီ ဆိုင်ရာဆိုင်ရာကဏ္ဍများအလိုက်ပညာရည်မြင့်မားရေးစီမံကိန်းများအောင်မြင် ဖြစ်ထွန်းစေရအောင် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

ဝန်ကြီးဌာနအသီးသီးက တက္ကသိုလ်၊ ကောလိပ်များကို တစ်နိုင်ငံလုံး ဖြန့်ကြက်ဖွင့်လှစ် ထူထောင်ထားသည်ဖြစ်ရာ တက္ကသိုလ်၊ ကောလိပ်များအားလုံးနှင့် အခြေခံပညာကျောင်းများအားလုံးပါဝင်သည့် ပညာရေးလောကကြီးတစ်ရပ်လုံး၌ ပညာရေးမြှင့်တင်မှုအစီအမံများ၊ ပညာရေးအရည်အသွေး မြင့်မားရေးအစီအမံများအားလုံးသည် နိုင်ငံတော်က ချမှတ်ထားသောအမျိုးသားပညာရေး မူဝါဒများ၊ ပညာရေးရည်မှန်းချက်များနှင့် ဆီလျော်ညီညွတ်စေရမည့်အပြင် ပညာရေးမူဝါဒများအကောင်အထည်ဖော် ဆောင်ရွက်မှုများသည်လည်း တစ်ပြေးညီဖြစ်စေရန်နှင့် ပုံဖော်ရာတွင် တစ်ပုံစံတည်းဖြစ်စေရန် အလေးဂရုပြုဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ယနေ့အချိန်အခါတွင် အမျိုးသားရေးပန်းတိုင်သို့ လျှောက်လှမ်းရောက်ရှိရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို တစ်မျိုးသားလုံး ပါဝင်ပူးပေါင်းလျက် စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း။

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ပြည့်မြောက်ပြီး အမျိုးသားရေးပန်းတိုင်သို့ရောက်ရှိဖြစ်ထွန်းသည်အထိ နိုင်ငံတော်၏ပညာရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းမှုများမှာ အမျိုးသားပညာရေးမူဝါဒများနှင့်အညီအမျိုးသားရေး ပုံစံအတိုင်း တစ်ပြေးညီတိုးတက်ဖြစ်ထွန်းစေရအောင် ယခုကပင် ကြိုးပမ်းဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း။

## တီထွင်ကြံဆ

နိုင်ငံတော်၏ပညာရေးမျှော်မှန်းချက်နှင့်အညီ ပညာရေးကဏ္ဍ၌ ရှေ့တန်းရောက်နေသည့် အရှေ့တောင်အာရှနိုင်ငံများနှင့် ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝန်ကြီးဌာနအသီးသီးက တီထွင်ကြံဆကြိုးပမ်းဆောင်ရွက်သွားကြရန်ပြောကြားသည်။

ယင်းနောက်အစည်းအဝေး တက်ရောက်လာကြသူများက ကျင်းပပြီးစီးခဲ့သော မြန်မာနိုင်ငံပညာရေးကော်မတီ၏ (၂/၂၀၀၄)ကြိမ်မြောက် အစည်းအဝေးမှတ်တမ်းကို အတည်ပြုကြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က မြန်မာ့ပညာရေးတွင် Electronic ပညာရေးစနစ် ထူထောင်နိုင်ခဲ့ခြင်းကို တင်ပြရာ၌ e-Education ကို အထောက်အကူပြုစေမည့် ICT အခြေခံအဆောက်အအုံ

**ကျောင်းသားကျောင်းသူများ အဆင့်မြင့်ပညာကို သင်ကြားနိုင်ရန်အတွက် ဧရာဝတီတိုင်း မအူပင်မြို့နယ်၌ တည်ဆောက်ဖွင့်လှစ်ပေးထားသည့် မအူပင်တက္ကသိုလ်ကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)**





**ကျောင်းသားကျောင်းသူများ အဆင့်မြင့်ပညာကို သင်ကြားနိုင်ရန်အတွက် တနင်္သာရီတိုင်း ထားဝယ်မြို့နယ်၌ တည်ဆောက်ဖွင့်လှစ်ပေးထားသည့် ထားဝယ်တက္ကသိုလ်ကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)**

တည်ဆောက်မှု၊ မာလ်တီမီဒီယာ စာသင်ခန်းများဖွဲ့စည်းနိုင်မှု၊ အခြေခံနှင့် အဆင့်မြင့်ပညာကဏ္ဍ ကွန်ရက်တည်ဆောက်ရန်အတွက် e-Education Learning Centre ၆၁၉ခု ဖွင့်လှစ်ခဲ့မှု၊ ပညာရေးဝန်ကြီးဌာနတွင် V-SAT အသုံးပြုနိုင်မှု၊တက္ကသိုလ်များတွင် Wireless Video Conferencing တပ်ဆင်ထားမှု၊ ပညာရေးကောလိပ်များတွင် ip Star တပ်ဆင်ထားမှုများကို တင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် စပ်လျဉ်း၍ အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်း အစီအစဉ်များနှင့်

အခြေခံပညာကဏ္ဍတွင် အမျိုးသမီးဆရာမပါဝင်မှုသည် ၇၉ဒသမ၀၂ ရာခိုင်နှုန်းရှိပြီး အဆင့်မြင့်ကဏ္ဍတွင် ၈၁ဒသမ၃၀ပါဝင်နေကြောင်း၊ ယခုအခါ ဘွဲ့လွန်သင်ကြားနေသော အမျိုးသမီး ဦးရေရာခိုင်နှုန်းသည် ၈၂ဒသမ၅၅ ရာခိုင်နှုန်းရှိကြောင်း၊ မြန်မာ့ပညာရေးကဏ္ဍတွင် အမျိုးသမီးများသည် အခွင့်အလမ်း သိသိသာသာ ပွင့်လန်းနေကြောင်း စိစစ်တွေ့ရှိချက်ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အဆင့်မြင့်ပညာကဏ္ဍတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များနှင့် စပ်လျဉ်း၍ ပုသိမ်တက္ကသိုလ်နှင့် ဂျပန်နိုင်ငံ

အသိအမြင်ကြွယ်ဝပြီး အတွေးအခေါ် အယူအဆပိုင်း၊ စိတ်ဓာတ်ရေးရာခံယူချက်အပိုင်းတို့တွင် မြင့်မားခိုင်မာပါမှ အရည်အသွေးမြင့်မားသည့် နိုင်ငံသူနိုင်ငံသားကောင်းများဖြစ်လာမှာဖြစ်ကြောင်း။

ယင်းသို့ အရည်အသွေးမြင့်မားသော နိုင်ငံသူနိုင်ငံသားကောင်းများကသာလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်ကာကွယ်နိုင်မှာဖြစ်ကြောင်း။

မိမိနိုင်ငံသူနိုင်ငံသားများ ပညာရည်မြင့်မားရေး၊ အရှေ့တောင်အာရှရှိ ပညာရေးကဏ္ဍတွင် ရှေ့တန်းရောက်နေသောနိုင်ငံများနှင့် ရင်ပေါင်တန်း

# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ခိုင်မာသောပြည်ထောင်စုကြီးအဖြစ် ဆက်လက်ဖြစ်ထွန်းစေရေး နိုင်ငံတော်တစ်ဝန်းလုံး လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်စေရေးလမ်းညွှန်မိန့်ကြားထား

## အမျိုးသားရေး ပန်းတိုင်သို့ရောက်ရှိရေး

- ❄ မြန်မာနိုင်ငံအနေဖြင့် အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍ၌ ပညာရေးမြှင့်တင်မှုအစီအမံများ တစ်နိုင်ငံလုံး လွှမ်းခြုံဖော်ဆောင်လျက်ရှိ၊
- ❄ နိုင်ငံသားများအားလုံး အခြေခံစာတတ်မြောက်စေရေး 'အ' သုံးလုံး အစီအစဉ်များ နယ်စပ်ဒေသမကျန် တိုးချဲ့ဆောင်ရွက်ခဲ့၊
- ❄ အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်းများရေးဆွဲရာတွင် ပညာရေးကဏ္ဍမှ တာဝန်ရှိသူများ၊ ပညာရှင်ကြီးများ၊ ဆရာ ဆရာမများပါဝင်၊
- ❄ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ပြည့်မြောက်ပြီး အမျိုးသားရေးပန်းတိုင်သို့ ရောက်ရှိဖြစ်ထွန်းသည်အထိ အမျိုးသားပညာရေးမူဝါဒများနှင့်အညီ ကြိုးပမ်းဆောင်ရွက်။



အကောင်အထည်ဖော်မှု အခြေအနေများ၊ အနှစ်၃၀နှစ်ရှည်စီမံကိန်း၏ လုပ်ငန်းစဉ်များနှင့် အကောင်အထည်ဖော်မှုအခြေအနေ၊ အခြေခံပညာကဏ္ဍ အခွင့်အလမ်းပွင့်၊ အရည်အသွေးမြင့်၊ ပညာခက်ဖြာဆောင်ရွက်ချက်များ၊ အထူးသဖြင့် ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းတက်နိုင်စေရန် အစီအစဉ်များ၊ သက်လွန်ကလေးများ ပညာသင်ကြားနိုင်ရန်နှင့်မူလတန်းလွန် ကျောင်းတည်ထောင်မှုများ၊ အခြေခံပညာ အရည်အသွေးမြှင့်တင်ရန်အတွက် သင်ရိုးသစ်ပြုစုမှု၊ ဘဝတွက်တာ ကျွမ်းကျင်မှု၊ ဘာသာရပ်၊ အသက်မွေးဝမ်းကျောင်းပညာကို ဖြည့်ဆည်းသင်ကြားပေးသည့်အပြင် အထက်တန်းအဆင့်တွင် ဘာသာရပ်ရွေးချယ်သင်ယူခွင့် တိုးမြှင့်ပေးမှု၊ သတင်းအချက်အလက်နှင့် နည်းပညာ အသုံးပြု၍ သင်ကြားမှုများကိုလည်းကောင်း၊ အဆင့်မြင့်ပညာကဏ္ဍတွင် အခွင့်အလမ်းပွင့်၊ အရည်အသွေးမြင့်၊ ပညာခက်ဖြာ ဆောင်ရွက်ချက်အနေဖြင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များတိုးချဲ့၍ ပညာသင်ယူရန်အခွင့်အလမ်း ဖွင့်ပေးမှုများ၊ အရည်အသွေးမြှင့်တင်သည့်အနေဖြင့် ပညာရေးကဏ္ဍများတွင် အရည်အသွေးမြှင့်တင်သည့် အထူးဆောင်ရွက်ချက်များကို လည်းကောင်း၊ တက္ကသိုလ်ပညာရေးအဖွဲ့များကောင်စီနှင့်တက္ကသိုလ်များ ဗဟိုကောင်စီ(၁/၂၀၀၄) ဆောင်ရွက်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးဦးသန်းအောင်က ပညာရေးဝန်ကြီးဌာန အောက်ရှိ စီမံခန့်ခွဲရေးဝန်ထမ်း၊ ဆရာဆရာမနှင့် ကျောင်းသားကျောင်းသူများတွင် အမျိုးသမီးပါဝင်မှု ရာခိုင်နှုန်းကိုတင်ပြရာ၌ ကမ္ဘာ့နိုင်ငံအချို့တွင် အမျိုးသမီးများ ပညာသင်ကြားခွင့်နှင့် ပညာရေးတွင်ပါဝင်ခွင့်နှုန်း သိသိသာသာ ကျဆင်းနေသော်လည်း မြန်မာနိုင်ငံတွင် ပညာရေးကဏ္ဍ၌ အမျိုးသမီးပါဝင်မှုမှာ အထူးအားသာလျက်ရှိကြောင်း၊ ပညာရေးဝန်ကြီးဌာနတွင် အားလုံးစုစုပေါင်း၌ အမျိုးသမီးပါဝင်မှုသည် ၅၁ဒသမ၉၃ရာခိုင်နှုန်းရှိကြောင်း၊ ကျောင်းသူကျောင်းသားတွင် ကျောင်းသူရာခိုင်နှုန်းသည် ၅၀ဒသမ၅၄ရာခိုင်နှုန်းရှိကြောင်း၊

National Institute of Technology and Evaluation (NITE) တို့ ဇီဝနည်းပညာဆိုင်ရာ သုတေသန ပူးပေါင်းဆောင်ရွက်သည့် အစီအစဉ်နှင့် မြစ်ကြီးနားတက္ကသိုလ်နှင့် ဂျပန်နိုင်ငံ တိုကျိုတက္ကသိုလ်တို့ သုတေသနပူးပေါင်းဆောင်ရွက်သည့် အစီအစဉ်များကိုတင်ပြသည်။

### ကျောင်းဝင်နှုန်း၉၇ဒသမ၆ရာနှုန်းရှိ

ဆက်လက်၍ ကျောင်းနေအရွယ်ကလေး ကျောင်းနေရေးအစီအစဉ်ဆောင်ရွက်မှုကိုတင်ပြရာတွင် နှစ်စဉ်စီမံချက်ဝင်မြို့နယ်များ တိုးချဲ့ဆောင်ရွက်လျက်ရှိရာ ၂၀၀၄–၂၀၀၅ ပညာသင်နှစ်တွင် မြို့နယ်၂၃မြို့နယ်အထိ တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှစ်တစ်နိုင်ငံလုံး၌ ကျောင်းဝင်နှုန်းသည် ၉၆ဒသမ၅၆ရာခိုင်နှုန်းဖြစ်ကြောင်း၊ စီမံချက်ဝင်၂၃၃မြို့နယ်၏ ကျောင်းဝင်နှုန်းသည် ၉၇ဒသမ၆ ရာခိုင်နှုန်းရှိကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

### ဆက်လက်အကောင်အထည်ဖော်

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာ၌ ယနေ့အစည်းအဝေးတွင် တင်ပြဆွေးနွေးချက်များအရ ပညာရေးနှင့်ပတ်သက်စပ်ဆိုင်သောဝန်ကြီးဌာနများ အနေဖြင့် မိမိတို့ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ပီပြင်စွာဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြလိမ့်မည်ဟု ယုံကြည်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အနာဂတ်နိုင်ငံတော်ကြီးကို ခိုင်မာသော ပြည်ထောင်စုကြီးအဖြစ် ဆက်လက်ဖြစ်ထွန်းနေစေရေးတွင် နယ်စပ်အစွန်အဖျားဒေသများအပါအဝင် နိုင်ငံတော်တစ်ဝန်းလုံးတွင် လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်စေရေးသည် အဓိကဖြစ်သည်ဟု လမ်းညွှန်မိန့်ကြားထားပြီးဖြစ်ကြောင်း။

### နိုင်ငံ့သားကောင်းဖြစ်ရေး

လူငယ်လူရွယ်များအပါအဝင် မိမိတို့၏ နိုင်ငံသူနိုင်ငံသားများအားလုံး

ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများ အတိုင်းအတာတစ်ခုအထိ အောင်မြင်ဖြစ်ထွန်းနေပြီကို တွေ့မြင်နေရပြီဖြစ်ကြောင်း။

### ဆက်လက်ဆောင်ရွက်

ဆက်လက်တိုးတက်ဖြစ်ထွန်းစေရေးနှင့် ဝန်ကြီးဌာနများအောက်ရှိ တက္ကသိုလ်၊ ကောလိပ်များအားလုံး တစ်ပြေးညီ တိုးတက်ဖြစ်ထွန်းစေရေးတို့အတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

တက္ကသိုလ်၊ ကောလိပ်များရှိသည့် ဝန်ကြီးဌာနများအားလုံးက မိမိတို့တက္ကသိုလ်၊ ကောလိပ်များအားလုံး တွင် နိုင်ငံတကာအဆင့်မီသင်ကြားမှု သင်ယူမှု အထောက်အကူပြု ပစ္စည်း ကိရိယာများ၊ ပညာရေးဆိုင်ရာ ခေတ်မီ အီလက်ထရွန်နစ် ပစ္စည်းကိရိယာများ ပြည့်စုံလုံလောက်စွာ ဖြည့်ဆည်းပေးနိုင်စေရေးအတွက် စီမံချက်များချမှတ် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

### ဆက်လက်ဖွင့်လှစ်

ပညာရေးဝန်ကြီးဌာနက ဆောင် ရွက်လျက်ရှိသော ကျောင်းနေရွယ်ကလေးတိုင်း ကျောင်းနေရေး၊ အတန်း လိုက်ပညာရည်စစ်ဆေးမှုစနစ်ကျင့်သုံးရေးတို့ကို ဆက်လက်ဆောင်ရွက် သွားရန်ဖြစ်ကြောင်း၊ ထို့အပြင် 'အ' သုံးလုံး သင်တန်းများမှ စာတတ် မြောက်လာကြသူများအား အသိပညာ ရော အတတ်ပညာပါ ပေးနိုင်သည့် ပညာရေးဝန်ကြီးဌာနက ဖွင့်လှစ်သည့် ပညာပဒေသာဌာနများကို အရှိန်မြှင့် ဖွင့်လှစ်ပေးရန် မှာကြားလိုကြောင်း၊ တစ်ချိန်တည်းတွင် ကျေးလက်နေ ပြည်သူများအား အသိပညာပေးရန် ပြန်ကြားရေးဝန်ကြီးဌာနက ဖွင့်လှစ် ပေးလျက်ရှိသော ကျေးလက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို လည်း အစီအမံအတိုင်း ဆက်လက်ဖွင့်လှစ်ပေးရန်ဖြစ်ကြောင်း။

အမျိုးသားပညာရေး မျှော်မှန်းချက်များ အောင်မြင်ဖြစ်ထွန်းစေရေးအတွက် ပညာရေးကဏ္ဍနှင့်ပတ်သက်စပ်ဆိုင်သော ဝန်ကြီးဌာနများအားလုံးက တက်ကြွစွာ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

## ဖွံ့ဖြိုးသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြိုင်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၈

**၂၀၀၅ ခုနှစ် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကျင်းပရန်အတွက် သတ်မှတ်ထားသောခေါင်းစဉ်မှာ "ဖွံ့ဖြိုးသာယာပြည်မြန်မာ" ဖြစ်သည်။**

### ပါဝင်ယှဉ်ပြိုင်

**ရောင်စုံဓာတ်ပုံပြိုင်ပွဲဝင်လိုသူများသည် ၁၀" X ၁၂" ထက်မငယ်သော အရွယ်အစားဖြင့် Print ပုံလေးပုံအထိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။**

**ပြိုင်ပွဲဝင် ဓာတ်ပုံများကို မိမိကိုယ်တိုင်ရိုက်ကူးကြောင်း၊ ယင်းဓာတ်ပုံသည် ပြည်တွင်း၊ ပြည်ပပြိုင်ပွဲများတွင်ဆုရရှိခဲ့ဖူးခြင်း မရှိကြောင်းဝန်ခံချက်၊ ဓာတ်ပုံနှင့်စပ်လျဉ်းသည့် အကြောင်းအရာ Caption အပြည့်အစုံ ပါရှိရမည်ဖြစ်သည်။**

### ပေးပို့ရမည်ဖြစ်

**ဓာတ်ပုံများကိုပေးပို့သည့်အခါ ပြိုင်ပွဲဝင်လိုသူ၏ ပတ်စ်ပို့ဓာတ်ပုံနှစ်ပုံနှင့် ကိုယ်ရေးအကျဉ်းချုပ်တို့ ပူးတွဲပေးပို့ရမည်ဖြစ်သည်။**

**ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဦးကျော်ဇင်ဦး ညွှန်ကြားရေးမှူး(ထုတ်လုပ်) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (၂၂/၂၄) ပန်းဆိုးတန်းလမ်း ရန်ကုန်သို့ စက်တင်ဘာ ၃၀ရက် နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်ပြီး ဆုရရှိသူများကို ထိုက်တန်စွာ ဆုချီးမြှင့်မည်ဖြစ်သည်။** (သတင်းစဉ်)

# ခေတ်ပေါ်အစားအစာများနှင့် အာဟာရတန်ဖိုး

ဒေါက်တာဖြူဖြူအောင်
(အမျိုးသမီးရေးရာ)

မြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးကို အခြေခံ၍ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ ချီတက်နေသောအချိန်အခါ ဖြစ်သည်။ ပြောင်းလဲနေသော စီးပွားရေးကို အခြေခံ၍ စားသောက်မှု၊ လူနေမှုပုံစံများသည်လည်း ပြောင်းလဲလျက်ရှိသည်။ အနောက်တိုင်းပုံစံ အစားအစာများ၊ အဆင်သင့်စားသောက်နိုင်သော စားသောက်ဆိုင် (Fast ˚food Centres)များသည် ရန်ကုန်မြို့နှင့် မြန်မာပြည်အနှံ့မြို့ကြီးများတွင် ပေါ်ပေါက်လျက်ရှိပြီး လှပစွာ ထုပ်ပိုးထားသော ပြည်တွင်း၊ ပြည်ပမှ သရေစာများသည်လည်း စတိုးဆိုင်များနှင့် စူပါမားကက်ကြီးများတွင် အလွယ်တကူ ဝယ်ယူရရှိနိုင်နေသည်။ ၎င်းသရေစာ အမျိုးအစားများမှာ ပိုမိုများပြားလာပြီး ကလေးများနှင့် ဆယ်ကျော်သက် လူငယ်လူရွယ်များကလည်း ဤအစားအစာများကို မြန်မာ့ရိုးရာမုန့်များထက် အလွယ်တကူ နှစ်သက်စွာ စားသုံးလျက်ရှိသည်။

ဤအစားအစာများ၏ ဈေးနှုန်းမှာ မြန်မာ့ရိုးရာအစားအစာများ၏ ဈေးနှုန်းထက် မြင့်မားနေသောကြောင့် ယင်းအချက်သည် မိဘများအတွက်သာမက ပြည်သူလူထုနှင့် နိုင်ငံတော်အတွက်ပါ စီးပွားရေးဝန်ထုပ်ဝန်ပိုး ဖြစ်နေသည်။

ဤကဲ့သို့သော အစားအစာများကို အရသာကြိုက်နှစ်သက်မှု၊ ကြော်ငြာ၊ အပေါင်းအသင်းများ တိုက်တွန်းမှု၊ လူမှုဆက်ဆံရေး၊ဂုဏ်ရှိလိုမှု၊ အလွယ်တကူ ရရှိနိုင်မှု၊လှပစွာ ထုပ်ပိုးထားမှု စသော အမျိုးမျိုးသောအကြောင်း တို့ကြောင့် ဝယ်ယူစားသောက်နေကြသည်။ ယင်းအစား အစာ အမျိုးမျိုးတွင် အဆီနှင့်ကစီဓာတ်ပါဝင်မှုမှာ များပြားသော်လည်း ဗီတာမင်၊ သတ္တုဓာတ်နှင့် အမျှင်ပါဝင်မှုမှာ လွန်စွာနည်းပါးသည်။

ဖော်ပြပါဇယားတွင် ခေတ်ပေါ်အစားအစာ များနှင့် မြန်မာ့ရိုးရာ အစားအစာ အမျိုးမျိုး၏ ငွေကျပ် ၁၀၀ခန့်ဖြင့် ဝယ်ယူစားသောက်ခြင်းအားဖြင့် ရရှိနိုင်သော အာဟာရတန်ဖိုးများကို ဖော်ပြထားသည်။ ဤဇယားတွင် ဖော်ပြထားသည့်အတိုင်း ငွေကြေးကုန်ကျမှုတူပါက ခေတ်ပေါ်အစားအစာများ၏ အာဟာရတန်ဖိုးသည် မြန်မာ့ရိုးရာအစားအစာများ၏ အာဟာရတန်ဖိုးထက် လျော့နည်းသည်ကို တွေ့ရသည်။ အထူးသဖြင့် အချိုရည်များတွင် ကစီဓာတ်သာလျှင် ပါဝင်ပြီး ကျန်အာဟာရဓာတ်များ ပါဝင်ခြင်းမရှိပါ။

ကလေးများနှင့် ဆယ်ကျော်သက်ရွယ်များ၏ အာဟာရနှင့် ပတ်သက်သော ရောဂါဝေဒနာများ ဖြစ်ပွားရသည်မှာ များသောအားဖြင့် မှားယွင်းသောစားသုံးမှုပုံစံကြောင့် ဖြစ်သည်။ ကလေးများ၏ မိမိစိတ်တိုင်းကျစားသောက်ပုံများသည် ပြင်ပတွင်သာမက မိသားစုအတွင်း၌လည်း စားသုံးလာခြင်းကြောင့် မိသားစုအတွင်း စားသောက်မှု ပုံစံသည်လည်း ပြောင်းလဲလာသည်။

**ဆယ်ကျော်သက်ရွယ်များတွင် ရှာဖွေစူးစမ်းလိုခြင်း၊ လွတ်လပ်လိုမှုနှင့် သူငယ်ချင်း အပေါင်းအသင်းများ၏ လက်ခံနိုင်မှုရလိုခြင်း၊ မိဘအုပ်ထိန်းမှုမှ ရုန်းထွက်လိုခြင်း၊ ထင်ပေါ်လိုမှု၊ ကြော်ငြာများနှင့် အပေါင်းအသင်းများ၏ ဆွဲဆောင်မှုနောက်လိုက်ခြင်း၊ ကျန်းမာရေးနှင့် ပတ်သက်၍ အသိနည်းပါးခြင်းတို့ကို တွေ့ရှိရ၍ ကလေးများတွင် မှန်ကန်သောစားသောက်မှုပုံစံ မရှိကြပါ။ ငွေကြေးကုန်ကျများသော်လည်း အာဟာရဓာတ်စုံလင်စွာ မရ၍ အာဟာရချို့တဲ့ခြင်း၊ သို့မဟုတ် အဝလွန်ခြင်း ရောဂါများဖြစ်လာကြသည်။**

ဆယ်ကျော်သက်ရွယ်များတွင် ရှာဖွေစူးစမ်းလိုခြင်း၊ လွတ်လပ်လိုမှုနှင့် သူငယ်ချင်း အပေါင်းအသင်းများ၏ လက်ခံနိုင်မှုရလိုခြင်း၊ မိဘအုပ်ထိန်းမှုမှ ရုန်းထွက်လိုခြင်း၊ ထင်ပေါ်လိုမှု၊ ကြော်ငြာများနှင့် အပေါင်းအသင်းများ၏ ဆွဲဆောင်မှုနောက်လိုက်ခြင်း၊ ကျန်းမာရေးနှင့် ပတ်သက်၍ အသိနည်းပါးခြင်းတို့ကို တွေ့ရှိရ၍ ကလေးများတွင် မှန်ကန်သော စားသောက်မှုပုံစံ မရှိကြပါ။ ငွေကြေးကုန်ကျများသော်လည်း အာဟာရဓာတ်စုံလင်စွာမရ၍ အာဟာရချို့တဲ့ခြင်း၊ သို့မဟုတ် အဝလွန်ခြင်းရောဂါများဖြစ်လာကြသည်။

အချို့သော စားသောက်မှုပုံစံများသည် ဆယ်ကျော်သက်များအတွင်း တူညီမှုရှိသည်။ ယင်းတို့မှာ ခေတ်ပေါ်အစားအစာများစားခြင်း၊ ပိန်လို၍ အစာမစားဘဲ အဆာခံခြင်း၊အချိန်မှန်မှန်မစားခြင်း၊ အဆင်သင့်ရနိုင်သော အစားအစာများ စားသုံးမှုများခြင်း၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစားသုံးမှုနည်းခြင်း၊ စားသောက်မှုအလေ့အကျင့် မှားယွင်းခြင်းနှင့် မမှန်ကန်သော စားသောက်မှုပုံစံများတို့ ဖြစ်သည်။

ကြော်ငြာများ အဓိကဖြစ်လာသည့် ယနေ့ခေတ် ဈေးကွက် စီးပွားရေးစနစ်သည် အစားအစာရွေးချယ်မှုအပေါ်တွင် လွှမ်းမိုးမှုများသည်။ ဈေးဆိုင်တိုင်းနီးပါးတွင် အစားအသောက်နှင့် ပတ်သက်သည့် ကြော်ငြာဆိုင်းဘုတ်များကို တွေ့နိုင်သည်။

ကုန်ထုတ်လုပ်သူများအနေဖြင့် ကြော်ငြာများအတွက် ငွေကြေးမြောက်မြားစွာ အကုန်ကျခံသုံးစွဲခြင်းမှာ ကြော်ငြာများသည် အမြတ်အစွန်းရရန်အတွက် အရေးကြီးသောကြောင့်ဖြစ်သည်။ ကြော်ငြာစရိတ်သည် အစားအသောက် ထုတ်လုပ်သည့် စရိတ်ထက် အချို့အစားအသောက်များတွင် ပို၍ကုန်ကျကြောင်း တွေ့ရှိရသည်။ ဥပမာ-အချိုရည်ပုလင်းများ ထုတ်လုပ်ရာတွင် ကုန်ကျစရိတ် အနည်းငယ်သာရှိသည်။ ထုပ်ပိုးပစ္စည်း(ပုလင်း/ဘူး)မှာလည်း ဈေးသက်သာပြီး အဓိကကုန်ကျစရိတ်မှာ ကြော်ငြာများနှင့် ဈေးကွက်မြှင့်တင်ရေး ကုန်ကျစရိတ်များဖြစ်သည်။ အစားအစာအသစ်များ ထုတ်လုပ်ပြီး အစားအစာများကို စားသုံးသူများသိရှိအောင် မီဒီယာမှတစ်ဆင့် ကြော်ငြာပေးခြင်းသည် စားသုံးသူတို့၏ အစားအစာရွေးချယ်မှုအပေါ် သက်ရောက်မှုရှိသည်။ အထူးသဖြင့် ကလေးသူငယ်များနှင့် ဆယ်ကျော်သက်ရွယ် လူငယ်လူရွယ်များအပေါ်တွင် သက်ရောက်မှုများသည်။ ကလေးများသည် အာဟာရနှင့် ပတ်သက်သော ဗဟုသုတမပြည့်စုံကြ၍ ကြော်ငြာသော အစားအစာများ၊ လှပစွာ ထုပ်ပိုးထားသော ခေတ်ပေါ်မုန့်မျိုးစုံနှင့် အချိုရည်များကို ဈေးကြီးပေး၍ ခုံမင်နှစ်သက်စွာ ဝယ်ယူစားသောက်နေကြသည်။

**စားသုံးသူများကို ကျန်းမာရေးနှင့် ညီညွတ်စွာ စားသုံးတတ်စေရန် ပညာပေးခြင်း၊ မမှန်ကန်သော စားသောက်မှုကြောင့် ဖြစ်နိုင်သော ရောဂါများအကြောင်း ပညာပေးခြင်း၊ စာသင်ကျောင်းများတွင် အာဟာရပညာပေးခြင်း၊ အစားအသောက်ထုတ်လုပ်သည့်စက်ရုံများကို ကျန်းမာရေးနှင့် ညီညွတ်သော၊ ဘေးအန္တရာယ်ကင်းသော အစားအသောက်များ ထုတ်လုပ်စေခြင်းနှင့် ထုတ်လုပ်သည့် အစားအသောက်များတွင် အာဟာရတန်ဖိုးများ ဖော်ပြစေခြင်းတို့ကို ဆောင်ရွက်စေသင့်ပါသည်။**

ယင်းသို့ဆောင်ရွက်ခြင်းဖြင့် ကျန်းမာရေးနှင့် ကိုက်ညီသော အယူအဆများနှင့် မှားယွင်းသော စားသောက်မှုပုံစံများကို သိရှိနားလည် ရှောင်ကြဉ်နိုင်ကြစေရန်အတွက် အကြံပြုရေးသားလိုက်ရပါသည်။ ။

**ကျပ် ၁၀၀ နှင့် ညီမျှသော မြန်မာ့ရိုးရာအစားအစာများ၏ အာဟာရတန်ဖိုး**

| စဉ် | အစားအစာအမျိုးအမည် | အင်အားဓာတ်(Cal) | အသားဓာတ်(g) | အဆီဓာတ်(g) | ကစီဓာတ်(g) |
|---|---|---|---|---|---|
| ၁။ | သာဂူမုန့်ဖက်ထုပ် | ၃၃၈.၇ | ၃.၅ | ၆.၇ | ၆၆.၅ |
| ၂။ | ရေမုန့် | ၃၇၀.၃ | ၈.၃ | ၁၃.၃ | ၅၄.၃ |
| ၃။ | ကောက်ညှင်းပေါင်း | ၄၃၄ | ၁၀.၀ | ၂.၀ | ၉၁.၂ |
| ၄။ | မုန့်ပျားသလက် | ၂၈၂.၂ | ၆.၀ | ၀.၈ | ၅၁.၁ |
| ၅။ | မုန့်လင်မယား | ၁၈၂ | ၄.၀ | ၄.၄ | ၃၁.၈ |
| ၆။ | သကြားမုန့်ဖက်ထုပ် | ၂၈၄ | ၄.၁ | ၅.၇ | ၅၅.၆ |
| ၇။ | ဘိန်းမုန့် | ၂၃၁ | ၃.၂ | ၂.၁ | ၄၉.၂ |
| ၈။ | ရခိုင်မုန့်တီ+ငါးဖယ်ကြော် | ၂၅၀.၇ | ၃.၁ | ၀.၃ | ၅၉ |
| ၉။ | ရှမ်းခေါက်ဆွဲ(ကြက်) | ၂၄၁.၂ | ၃.၆ | ၁၀.၁ | ၃၄.၁ |
| ၁၀။ | တို့ဟူးနွေး | ၃၀၄.၆ | ၆.၄ | ၂၄.၆ | ၁၄.၄ |
| ၁၁။ | ကြာဆန်ချက် | ၄၈၄.၁ | ၉.၆ | ၂၂.၈ | ၆၀.၄ |
| ၁၂။ | နန်းကြီးသုပ် | ၁၈၂.၂ | ၃.၅ | ၅.၈ | ၂၉.၁ |
| ၁၃။ | မုန့်ဟင်းခါး | ၃၉၈.၄ | ၁၀.၆ | ၁၇.၃ | ၃၃.၈ |
| ၁၄။ | ရွှေရင်အေး | ၄၁၅.၂ | ၅.၉ | ၂.၀ | ၉၃.၅ |
| ၁၅။ | လက်ဖက်သုပ် | ၂၁၀.၅ | ၈.၃ | ၁၆.၁ | ၁၁.၉ |
| ၁၆။ | ငှက်ပျောကြော် | ၃၉၉ | ၃.၈ | ၁၂.၀ | ၆၉.၀ |
| ၁၇။ | ဘယာကြော် | ၈၈၆.၂ | ၃၂.၆ | ၃၈.၁ | ၁၀၇.၈ |

**ကျပ် ၁၀၀ နှင့် ညီမျှသော ခေတ်ပေါ်အစားအစာများ၏ အာဟာရတန်ဖိုး**

| စဉ် | အစားအစာအမျိုးအမည် | အင်အားဓာတ်(Cal) | အသားဓာတ်(g) | အဆီဓာတ်(g) | ကစီဓာတ်(g) |
|---|---|---|---|---|---|
| ၁။ | ကွတ်ကီး | ၉၄.၄ | ၁.၀ | ၂.၆ | ၁၆.၉ |
| ၂။ | ပုစွန် Cracker | ၁၀၈.၃ | ၁.၆ | ၂.၁ | ၂၀.၆ |
| ၃။ | Yummy Flake | ၁၁၈.၂ | ၁.၄ | ၃.၉ | ၁၉.၄ |
| ၄။ | Cheese sandwich | ၉၂.၃ | ၁.၉ | ၄.၈ | ၁၀.၅ |
| ၅။ | ထောပတ်ကိတ် | ၂၇၅.၁ | ၂.၉ | ၁၈.၃ | ၂၄.၈ |
| ၆။ | ဟမ်ဘာဂါ(ကြက်) | ၈၂.၈ | ၂.၂ | ၅.၈ | ၅.၄ |
| ၇။ | အာလူးကြော် | ၂၀၄ | ၁.၆ | ၆.၅ | ၃၄.၉ |
| ၈။ | coffee mix | ၁၅၇.၆ | ၁.၇ | ၀.၂ | ၃၇.၂ |
| ၉။ | ကွေကာအုပ် | ၁၇၄.၂ | ၁.၈ | ၁.၀ | ၃၉.၄ |
| ၁၀။ | အချိုရည်ပုလင်း | ၈၅.၅ | ၀ | ၀ | ၂၂.၂ |
| ၁၁။ | Coke အချိုရည်ဘူး | ၄၁ | ၀ | ၀ | ၉.၉ |
| ၁၂။ | လိမ္မော်ရည်ဘူး | ၄၆ | ၀ | ၀ | ၁၁.၆ |



**ဟောပြော**

**ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှူး၏ ဦးဆောင်မှုဖြင့် စက်တင်ဘာ ၂၂ရက်က အထက(၁) သာကေတ ကျောင်းခန်းမတွင် ကျောင်းသား ကျောင်းသူများအား မီးဘေးကြိုတင်ကာကွယ်ရေးပညာပေးဟောပြောပွဲ ကျင်းပရာ တာမွေဇုန်နယ် မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးအရာရှိ ရဲသူရိန်သိန်းမြင့် ဟောပြောစဉ်။** (က-ပ)

## လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

- ✻ သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။
- ✻ သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံး လိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။
- ✻ ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။
- ✻ ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

**ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲသူတိုင်းက ၄ပေမီးချောင်း တစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ်၂၀ ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။**



လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် သဖန်းဆိပ်ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှုနှင့် ဓာတ်အားထိန်းချုပ်ခန်းများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

## ဒေသတွင်း စီးပွားရေးပိုမိုဖြစ်ထွန်းရေး စိုက်ပျိုးရေးနှင့်ရေအားလျှပ်စစ်ထုတ်လုပ်ပေးနေ

- မြောက်ယမားရေလှောင်တမံ၏ ရေသောက်ဧရိယာတွင် မိုးစပါး ၅၀၈၇ဧက၊ အခြားသီးနှံစုံ ၅၅၃၃ဧက စုစုပေါင်းဧက ၁၀၆၂၀ကို ရေပေးဝေစိုက်ပျိုးလျက်ရှိ။
- သဖန်းဆိပ်ရေလှောင်တမံမှ ကင်းတပ်ရေလွှဲတမံသို့ မူးမြစ်ရိုးအတိုင်းရေလွှတ်ပေးပြီး တိုးချဲ့လယ်မြေဧရိယာဧက ၁၅၀၀၀၀နှင့် ကာဘိုးဆည်ရေသောက်ဧရိယာဧက၃၅၀၀၀၀သို့ ဆည်ရေပေးဝေပြီး ပျမ်းမျှတစ်နှစ်ပတ်လုံး လျှပ်စစ်ဓာတ်အားကီလိုဝပ် နာရီသန်းပေါင်း ၁၁၇ဒသမ၂ ထုတ်လုပ်ရန် ရည်ရွယ်တည်ဆောက်ထားသည်။
- သဖန်းဆိပ်ရေလှောင်တမံ ဘက်စုံစီမံကိန်းတည်ဆောက်ခြင်းကြောင့် မူးမြစ်ဝှမ်းဒေသအတွင်းရှိစိုက်ပျိုးမြေဧရိယာများကို တစ်နှစ်ပတ်လုံးစိုက်ပျိုးရေပေးဝေနိုင်သည့်အပြင် ရေအားလျှပ်စစ်ကိုပါ ထုတ်လုပ်နိုင်ခြင်းကြောင့် ဒေသတွင်းစီးပွားရေး၊ လူမှုရေးအခြေအနေများ ပိုမိုဖြစ်ထွန်းလျက်ရှိ။

✽ ကျောဖုံးမှ

ရဟတ်ယာဉ်ဖြင့်ထွက်ခွာကြရာ နံနက် ၁၀ နာရီတွင် စစ်ကိုင်းတိုင်း မုံရွာခရိုင် ပုလဲမြို့နယ် ချင်ပြစ်ကျေးရွာ အနီး ယမားချောင်းပေါ်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနက တည်ဆောက်ထားသည့် မြောက်ယမား ရေလှောင်တမံသို့ရောက်ရှိကြသည်။

အတွင်းရေးမှူး(၂)နှင့်အဖွဲ့ဝင်များအား ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ချင်ပြစ်ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံများက ကြိုဆိုကြသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ စစ်ကိုင်းတိုင်းဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး(ထိန်းသိမ်းရေး)ဦးဟုတ်ကြည်က မြောက်ယမားရေလှောင်တမံ၏ စီမံကိန်းဆိုင်ရာအချက်အလက်များ၊ နှစ်အလိုက် မိုးရွာသွန်းမှု၊ နှစ်အလိုက်ရေဝင် ရေသုံးစာရင်းများ၊ နှစ်အလိုက်သီးနှံစိုက်ပျိုးမှုအခြေအနေနှင့် မြောက်ယမားရေလှောင်တမံ၏ အနောက်တောင်ဘက် ၁၂မိုင်ခန့်အကွာ၌ မြောက်ယမားရေကူရေလှောင်တမံအသစ်တည်ဆောက်ရန်အတွက် ဘူမိအနေအထားတိုင်းတာပြီးစီးမှုနှင့် လုပ်ငန်းများစတင်ရန် စီစဉ်ထားမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ပုလဲမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးထင်ကျော်အေး၊ ချင်ပြစ်ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးရိုန်နှင့် ချင်ပြစ်ကျေးရွာအခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဌေးတင်တို့က မြို့နယ်၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စုများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

### ဒေသခံပြည်သူများအားနှုတ်ဆက်

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းစီမံဆောင်ရွက်ပေးပြီး တည်ဆောက်ပြီး မြောက်ယမားရေလှောင်တမံ၏ရည်ရွယ်ချက်များအတိုင်း သီးထပ် သီးညှပ်များ အပြည့်အဝတိုးချဲ့စိုက်ပျိုးရေး၊ ဒေသခံပြည်သူများ သောက်သုံးရေဖူလုံစွာရရှိရေးနှင့် ရေလှောင်တမံ၏ ရေဝေရေလဲဒေသများ အမြဲတမ်းစိမ်းလန်းနေစေရေးအတွက် သစ်ပင်သစ်တောမပြုန်းတီးရေးကို ဂရုစိုက်ဆောင်ရွက်သွားရေးမှာကြားပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

### မြောက်ယမားရေလှောင်တမံ

မြောက်ယမားရေလှောင်တမံမှာ တမံအမြင့်၆၅ပေ၊ အလျားပေ၁၀၄၀၀ ရှိသည့် မြေသားတမံအမျိုးအစားဖြစ်ကာ ပုလဲမြို့နယ်နှင့် ယင်းမာပင်မြို့နယ်အတွင်း စိုက်ပျိုးမြေဧက ၁၂၀၀၀ပေါ်တွင် သီးနှံစုံဧရိယာ ဧက ၁၈၀၀၀ကို ရေပေးဝေ စိုက်ပျိုးနိုင်ရန်နှင့် ဒေသနေပြည်သူများ သောက်သုံးရေ ဖူလုံစွာရရှိနိုင်ရန် ရည်ရွယ်ကာ ၁၉၉၅-၉၆ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၉၈ခုနှစ် ဇန်နဝါရီလတွင် တည်ဆောက်ပြီးစီးခဲ့သည်။

မြောက်ယမားရေလှောင်တမံ၏ ရေသောက်ဧရိယာတွင် ယခု၂၀၀၄-၂၀၀၅စိုက်ပျိုးရာသီ၌ ယနေ့အထိ မိုးစပါး၅၀၈၇ဧက၊ အခြားသီးနှံစုံ ၅၅၃၃ဧက စုစုပေါင်းဧက ၁၀၆၂၀ကို ရေပေးဝေ စိုက်ပျိုးထားကြောင်း သိရသည်။

### သဖန်းဆိပ်ရေလှောင်တမံ

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၂) နှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် ထွက်ခွာကြပြီး ပုလဲမြို့နယ်အတွင်း၌ အသစ်တည်ဆောက်မည့် မြောက်ယမားရေကူ ရေလှောင်တမံနှင့် လှိုင်းချောင်းတမံ တည်ဆောက်မည့် နေရာတို့ကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေး၍ ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် သဖန်းဆိပ်ကျေးရွာအနီးရှိ သဖန်းဆိပ်ရေလှောင်တမံဘက်စုံစီမံကိန်းသို့ ရောက်ရှိကြသည်။

အတွင်းရေးမှူး(၂)နှင့်အဖွဲ့ဝင်များအား လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သဖန်းဆိပ်ရေလှောင်တမံမှ ကြိုဆိုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၄) ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်က သဖန်းဆိပ်ရေလှောင်တမံ ဘက်စုံစီမံကိန်း၏ ရည်ရွယ်ချက်၊ စီမံကိန်းလုပ်ငန်းတည်နေရာ၊ စီမံကိန်းဆိုင်ရာအချက်အလက်များ၊ ရေဝေရေလဲဧရိယာအတွင်း မိုးရွာသွန်းမှု၊ ရေဝင်မှုနှင့် ရေသိုလှောင်နိုင်မှု၊ နှစ်အလိုက်သီးနှံစိုက်ပျိုးမှု၊ ရေဝေရေလဲ ဧရိယာအတွင်း သစ်ပင်စိုက်ပျိုးမည့် အစီအစဉ်တို့နှင့်စပ်လျဉ်း၍ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်း လျှပ်စစ်အင်ဂျင်နီယာမှူး ဦးစိန်ဝင်းက စစ်ကိုင်းတိုင်းအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဝေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က သဖန်းဆိပ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ ဓာတ်အားထုတ်လုပ်မှုခွဲဝေသုံးစွဲမှု၊ စိုက်ပျိုးရေးလိုအပ်ချက်နှင့်ရေရရှိမှုပေါ်မူတည်ပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးမှု၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနတို့ ညှိနှိုင်း ဆောင်ရွက်၍ လျှပ်စစ်ဓာတ်အား ထုပ်လုပ်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေးက သဖန်းဆိပ် ရေလှောင်တမံဘက်စုံစီမံကိန်း ဆည်ရေသောက်ဧရိယာအတွင်း နွေစပါး၊ မိုးစပါး၊ သီးနှံမျိုးစုံ နှစ်အလိုက် တိုးချဲ့စိုက်ပျိုးမှု၊ ရေလှောင်တမံရေရှည်တည်တံ့ အသုံးပြုနိုင်ရေးအတွက် ကြီးကြပ် စောင့်ရှောက်ထိန်းသိမ်းနေမှုနှင့် စစ်ကိုင်းတိုင်းအတွင်းရှိ ရေလှောင်တမံနှင့် ဆည်အစုအဖွဲ့များ အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

### ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က သဖန်းဆိပ်ရေလှောင်တမံအတွင်းသို့ နေ့စဉ်၊ လစဉ်၊ နှစ်စဉ်ဝင်ရေ၊ သုံးရေ တို့ကို စနစ်တကျ မှတ်တမ်းတင် ထားရှိရေး၊ သဖန်းဆိပ်ရေလှောင်တမံ ရေရှည်အကျိုးရှိရှိအသုံးပြုနိုင်ရေးနှင့် မူလရည်ရွယ်ချက်များအတိုင်း လျှပ်စစ်ဓာတ်အားအပြည့်အဝ ထုတ်ယူနိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားကြရေးတို့ကို သက်ဆိုင်ရာတာဝန်ရှိသူတို့အား မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် သဖန်းဆိပ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ Power House သို့သွားရောက်၍ ၁၀ မဂ္ဂါဝပ်စီရှိ စက်သုံးလုံး မဂ္ဂါဝပ် ၃၀မှ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှု၊ ဓာတ်အားထိန်းချုပ်ခန်း (Control Room)တို့သို့ လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတို့က လိုက်လံရှင်းလင်းပြသကြသည်။

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် သဖန်းဆိပ်ရေလှောင်တမံ၏ အလျား ၄၃၇ ပေရှိ ပင်မရေပိုလွှဲမှ ကင်းတပ် ရေလွှဲတမံသို့ ရေထိန်းညှိထုတ်လွှတ်ပေးမှု၊ သဖန်းဆိပ်ရေလှောင်တမံသို့ ရေဝင်မှုအခြေအနေနှင့် သဖန်းဆိပ်ရေလှောင်တမံ၏ ရေဝေရေလဲ ဧရိယာအတွင်း သစ်ပင်သစ်တောများဖြင့် စိမ်းလန်းစိုပြည်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် သဖန်းဆိပ်ရေလှောင်တမံပေါ်တွင် အမှတ်တရ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

သဖန်းဆိပ်ရေလှောင်တမံမှာ မြေသားတမံ အမျိုးအစားဖြစ်ပြီး တမံအမြင့် ၁၀၈ပေ၊ တမံအလျား ၂၂၅၈၇ ပေရှိသည်။

သဖန်းဆိပ် ရေလှောင်တမံကို စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် သဖန်းဆိပ်ကျေးရွာအနီး မူးမြစ်ပေါ်၌ ရေလှောင်တမံတည်ဆောက်၍ ဆည်ရေသိုလှောင်ပြီး အောက်ဘက်ကိုးမိုင်အကွာ၌ တည်ဆောက်ပြီးဖြစ်သော ကင်းတပ်ရေလွှဲတမံသို့ မူးမြစ်ရိုးအတိုင်းရေလွှတ်ပေးပြီး တိုးချဲ့လယ်မြေဧရိယာ ဧက ၁၅၀၀၀၀ ကို ရေပေးဝေရန်၊ လက်ရှိ ကာဘိုး ဆည်ရေသောက်ဧရိယာ ဧက ၃၅၀၀၀၀ ကို ဆည်ရေပေးဝေလျက် သီးထပ်သီးညှပ်များ စိုက်ပျိုးနိုင်ရန်နှင့် ပျမ်းမျှတစ်နှစ်ပတ်လုံး လျှပ်စစ်ဓာတ်အားကီလိုဝပ် နာရီသန်းပေါင်း ၁၁၇ ဒသမ ၂ ထုတ်လုပ်ရန် ရည်ရွယ်ချက်များဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

### ပိုမိုဖြစ်ထွန်း

သဖန်းဆိပ်ရေလှောင်တမံ ဘက်စုံစီမံကိန်းကို တည်ဆောက် အကောင်အထည်ဖော်ခြင်းကြောင့် မူးမြစ်ဝှမ်းဒေသအတွင်းရှိ စိုက်ပျိုးမြေဧရိယာများကို တစ်နှစ်ပတ်လုံး စိုက်ပျိုးရေပေးဝေနိုင်သည့်အပြင် ရေအားလျှပ်စစ်ကိုပါ ထုတ်လုပ်နိုင်ခြင်းကြောင့် ဒေသတွင်း စီးပွားရေး၊ လူမှုရေး အခြေအနေများ ပိုမိုဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၂) နှင့်အဖွဲ့ဝင်များသည် မွန်းလွဲ ၁ နာရီခွဲတွင် ရွှေဘိုခရိုင် ကန့်ဘလူမြို့သို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြရာ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် ကန့်ဘလူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်ထွန်းနှင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများက ကန့်ဘလူမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ စီးပွားရေးဆိုင်ရာများကို ကဏ္ဍများအလိုက် ဆောင်ရွက်နေမှုနှင့် ဖြည့်ဆည်းပေးရန်လိုအပ်ချက်တို့ကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ ဒုတိယဝန်ကြီးများက မြို့နယ် ဖွံ့ဖြိုးရေးဆိုင်ရာလိုအပ်ချက်များကို မှာကြားကြသည်။

### တက်ညီလက်ညီပူးပေါင်းပါဝင်

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား မိမိဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စိတ်ကောင်း စေတနာမွန်ဖြင့် အတူလက်တွဲဆောင်ရွက်ရန်လိုအပ်ပုံ၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးတွင် အခြေခံကျသည့် နိုင်ငံတော်၏ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး လုပ်ငန်းစဉ်များတွင် တက်ညီလက်ညီ ပူးပေါင်း ပါဝင်ရန်

စာမျက်နှာ ၁၂ ကော်လံ ၁

စာမျက်နှာ ၁၁ မှ

လိုအပ်ပုံတို့နှင့်စပ်လျဉ်း၍ မှာကြားပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**ဆိပ်ဖူးမြောင်စံပြကျေးရွာ**

ဌာနဆိုင်ရာများနှင့်တွေ့ဆုံအပြီးတွင် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် ကန့်ဘလူမြို့နယ် ဆိပ်ဖူးမြောင်စံပြကျေးရွာသို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြရာ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများက လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် ဆိပ်ဖူးမြောင်စံပြကျေးရွာရှိ ကျေးလက် ကျန်းမာရေးဌာနသို့သွားရောက်ကြပြီး သက်ကြီးဘိုးဘွားများအား ထောက်ပံ့ငွေများကိုလည်းကောင်း၊ ရပ်ရွာပညာပဒေသာ ဌာန၌ ဖွင့်လှစ်ထားသည့် နေ့ကလေးထိန်းကျောင်းမှ ကလေးငယ်များအား စားသောက်ဖွယ်ရာများကို လည်းကောင်း ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆိပ်ဖူးမြောင်စံပြကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များကို ကျောင်းအုပ်ဆရာကြီး ဦးတင်ထွန်းထံသို့ပေးအပ်သည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် မုံရွာမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

**ဖူးမြော်ကြည်ညို**

ညပိုင်းတွင် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် မုံရွာမြို့ ရွှေစည်းခုံစေတီတော်မြတ်ကြီးသို့သွားရောက်၍ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ဆီမီးတို့ဖြင့် ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က စေတီတော်မြတ်ကြီးအတွက် အလှူငွေများကို စေတီတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးဉာဏ်အောင်ထံ ပေးအပ်လှူဒါန်းပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။

ထို့နောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် ရွှေစည်းခုံစေတီတော်မြတ် ပရဝဏ်ရှိ သာသနိကအဆောက်အအုံများမွမ်းမံထားမှုတို့ကို လှည့်လည်ကြည့်ရှုကြပြီး တင်ဝင်းထွန်းကုမ္ပဏီက ဆောက်လုပ်လှူဒါန်းသည့် သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်မှုလုပ်ငန်းတိုးတက်မှု အခြေအနေတို့ကိုကြည့်ရှုစစ်ဆေးရာ ကုမ္ပဏီအုပ်ချုပ်မှု ဒါရိုက်တာ ဦးသိန်းဝင်းအောင်က ရှင်းလင်းပြသသည်။

ယင်းနောက် အတွင်းရေးမှူး(၂)က လိုအပ်သည်များကို မှာကြားပြီး သာသနာ့ဗိမာန်တော်ကြီးတည်ဆောက်ပြီးစီးမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် မုံရွာမြို့ အနောက်မြောက်တိုင်းစစ်ဌာနချုပ် မြဝတီဧည့်ရိပ်သာသို့ ပြန်လည်ရောက်ရှိ ရပ်နားသည်။ **(သတင်းစဉ်)**



**လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား ကန့်ဘလူမြို့နယ် ဆိပ်ဖူးမြောင်စံပြကျေးရွာ ရပ်ရွာ ပညာပဒေသာဌာန၌ ဖွင့်လှစ်ထားသော ကလေးထိန်းကျောင်းမှ ကလေးငယ်များက နှုတ်ဆက် ဂါရဝပြုကြစဉ်။ (သတင်းစဉ်)**



# ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေနှင့် ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၈

**ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်တို့သည် ယမန်နေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးကြရာ ပို့ဆောင်ရေးဝန်ကြီးဌာနမှ အထူးအရာရှိ ဗိုလ်မှူးချုပ်မျိုးတင်၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။**

**လိုအပ်သည်များမှာကြား**

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေနှင့် ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်တို့သည် လေဆိပ်စားသောက်ဆိုင်အတွင်းရှိ အနုပညာလက်ရာများ မပျောက်ပျက်ရေး ပြုပြင်မွမ်းမံဆောင်ရွက်မည့် အစီအစဉ်များ၊ လေဆိပ်အတွင်း ကမ္ဘာလှည့်ခရီးသည်များ ဝင်/ထွက်သွားလာမှု အခြေအနေများနှင့် အကောက်ခွန်လွတ် အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များမှာကြားကြောင်း သတင်းရရှိသည်။ **(ဝဲအပေါ်ပုံ)** **(သတင်းစဉ်)**

# သမဝါယမဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်း မန္တလေးနို့ချက်စက်ရုံနှင့် ဂျီအီးစီဆေးရုံစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၈

**သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုချုပ် မန္တလေးနို့ချက်စက်ရုံသို့ရောက်ရှိပြီး နို့ဆီထုတ်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။**

**မှာကြား**

ယင်းနောက်အစည်းအဝေးခန်းမ၌ သမဝါယမဦးစီးဌာန အထက်မြန်မာပြည်တာဝန်ခံ မန္တလေးတိုင်း သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ဖြူ၊ Myanmar Dairy Industries Ltd.(MDIL) ကုမ္ပဏီ ဒါရိုက်တာ ဦးစိုးလင်း တို့က နို့ချက်စက်ရုံ၏သမိုင်းအကျဉ်း၊ ရင်းနှီးမြှုပ်နှံမှု၊ အသင်းစုချုပ်နှင့် MDIL ကုမ္ပဏီတို့ အကျိုးတူဆောင်ရွက်နေမှု၊ နို့ဆီထုတ်လုပ်နိုင်မှုစွမ်းအားနှင့် လက်ရှိထုတ်လုပ်နေမှု၊ ဖြန့်ဖြူး ရောင်းချနေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

မန္တလေးနို့ချက်စက်ရုံမှ တစ်ရက်လျှင် နို့ဆီ ၁၇ ဒသမ ၅ တန်၊ နို့ဆီဘူး ၈၉၂ကာတွန်းနှင့် တစ်လလျှင် နို့ဆီဘူး ကာတွန်း ၂၂၃၀၀ ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ဝန်ကြီးသည် မန္တလေးတိုင်းအထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းစုချုပ်၏ ရတနာပူရ မြန်မာ့လက်မှုနှင့်အနုပညာဗိမာန်သို့ရောက်ရှိပြီး လက်မှုအနုပညာပစ္စည်းများ၊ ငွေထည်၊ ကြေးထည်၊ ရုပ်သေးအလုပ်ရုံ၊လွန်းရာကျော်အချိတ်လုပ်ငန်းနှင့် မြန်မာ့ရိုးရာပန်းဆယ်မျိုး အနုပညာပစ္စည်းများကိုကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် မန္တလေးတိုင်း အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်း ဂျီအီးစီဆေးရုံသို့ သွားရောက်ပြီး E.C.G၊အာထရာဆောင်း၊ X-Ray ရိုက်ခန်း၊ ခွဲစိတ်မှန်ခန်း၊ ခွဲစိတ်ခန်း၊ သွားဆေးကုခန်းနှင့် လူနာဆောင်များကိုကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် မိုးကုတ်မြို့နယ်သမဝါယမအသင်းစု၏ပတ္တမြားငမောက်မိုတယ်သို့ သွားရောက်ကြည့်ရှု စစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သတိ

**၁။ ဗြောက်အိုးဖောက်ခြင်းဖြင့် ပြည်သူအများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် လုပ်လာနိုင်ခြင်းတို့ကြောင့် ဗြောက်အိုးဖောက်ခြင်းကို တားမြစ်သည်။**

**၂။ တားမြစ်ချက်အား ဖောက်ဖျက်ပါက–**

**(က) ဗြောက်အိုးဖောက်လျှင် ထောင်ဒဏ် (၃)နှစ်။**

**(ခ) ဗြောက်အိုးရောင်းလျှင်၊ ဗြောက်အိုးထုတ်လုပ်လျှင် ထောင်ဒဏ်(၅)နှစ်။**

**(ဂ) သတင်းပေးသူကို ထိုက်တန်စွာ ဆုပေးမည်။**

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**

# စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

* မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုးသုံးစွဲနိုင်သည်။
* သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
* ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
* သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။
* အလုံအလောက် သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။



စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဧရာဝတီတိုင်း ညောင်တုန်းဒေသရှိ ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေ၌ တွင်းသစ်အမှတ်(၂၃)မှ သဘာဝဓာတ်ငွေ့များထွက်ရှိထုတ်လုပ်နေမှုကို တွေ့ရစဉ်။ (စွမ်းအင်)

# ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ ညောင်တုန်းရေနံမြေစစ်ဆေး ဘူမိအနေအထားဆက်စပ်ဒေသများ၌တိုးချဲ့ရှာဖွေတူးဖော်ရေးမှာကြား

ရန်ကုန် စက်တင်ဘာ ၂၈

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်း ညောင်တုန်းဒေသရှိ ညောင်တုန်းရေနံနှင့်သဘာဝဓာတ်ငွေ့မြေသို့ သွားရောက်စစ်ဆေးသည်။**

**ရှင်းလင်းတင်ပြ**

ဝန်ကြီးအား ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေရှင်းလင်းဆောင်တွင် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း အင်ဂျင်နီယာချုပ်(တူးဖော်ရေး) ဦးရဲခေါင်က အသစ်ထပ်မံတူးဖော်ခဲ့သော ညောင်တုန်းတွင်းသစ်အမှတ်(၂၃)ကို အောင်မြင်စွာ တူးဖော်ဆောင်ရွက်ခဲ့မှု အခြေအနေ၊ လက်ရှိထုတ်လုပ်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက ညောင်တုန်းဒေသတွင် တွင်းသစ်များ ဆက်လက်တူးဖော်သွားနိုင်ရေး၊ ဘူမိအနေအထား ဆက်စပ်လျက်ရှိသည့် အခြားဒေသများတွင်လည်း တိုးချဲ့ရှာဖွေတူးဖော်သွားနိုင်ရေးတို့အတွက် ဆက်လက်ဆောင်ရွက်ရမည့်အစီအစဉ်များကို ချမှတ်ပေးသည်။

**ဂုဏ်ပြုချီးမြှင့်**

ထို့နောက် ဝန်ကြီးက တွင်းတူးဖော်ရေး အောင်မြင်စွာဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်သည်။ ဆက်လက်၍ တွင်းသစ် အမှတ်(၂၃)သို့ သွားရောက်ကာ တွင်းတူးဖော်ပြီးစီးမှုနှင့် ထုတ်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ တွင်းသစ်အမှတ်(၂၃)မှ သဘာဝဓာတ်ငွေ့ကုဗပေ ၅ ဒသမ ၀၁၆ သန်းနှင့် လေဆီ(Condensate) ၄၈စည်ခန့်ကို နေ့စဉ်ထုတ်လုပ်လျက်ရှိသည်။

**နေ့စဉ်ထုတ်လုပ်**

ယခုအခါ ညောင်တုန်း ရေနံနှင့် သဘာဝဓာတ်ငွေ့မြေတွင် တွင်းပေါင်း ၁၇ တွင်းမှ သဘာဝဓာတ်ငွေ့ကုဗပေ ၁၀၂ သန်းခန့်နှင့် လေဆီ(Condensate) ၁၁၃၈ စည်ခန့်ကို နေ့စဉ်ထုတ်လုပ်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံဆရာဝန်အသင်း သင်တန်းပို့ချမည်

**ရန်ကုန် စက်တင်ဘာ ၂၈**

မြန်မာနိုင်ငံဆရာဝန်အသင်း ဆေးပညာအဖွဲ့ကကြီးမှူး၍ "Refresher Course 2004" သင်တန်းကို ၂၀၀၄ ခုနှစ် အောက်တိုဘာ ၃ ရက် (တနင်္ဂနွေနေ့)နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အမှတ် ၂၄၉၊ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ သင်ကြားပို့ချမည်ဖြစ်သည်။ စိတ်ပါဝင်စားသည့် ဆရာဝန်များနှင့် ဆေးကျောင်းသား ကျောင်းသူများ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## တယ်လီဖုန်းလိုင်းများ လုံခြုံရေးအတွက် Security Code Numbering စနစ်ဖြင့် လိုင်းဖွင့်ခြင်း၊ ပိတ်ခြင်းများ ဆောင်ရွက်ပေးမည်

**ရန်ကုန် စက်တင်ဘာ ၂၈**

ရန်ကုန်မြို့တော်အတွင်း တပ်ဆင်ထားရှိသော တယ်လီဖုန်းလိုင်းများကို အခြားသူများမှ လိုင်းပွားသုံးစွဲခြင်းမပြုလုပ်နိုင်ရန်အတွက် မိမိ၏ တယ်လီဖုန်းလိုင်းကို ပိတ်ထားပြီး အသုံးပြုလိုသည့် အချိန်မှသာ Code Number စနစ်ဖြင့်လိုင်းဖွင့်လှစ်သုံးစွဲနိုင်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက စီစဉ်ဆောင်ရွက်ထားပြီးဖြစ်သည်။ ဤ Code Number စနစ်သုံးစွဲခြင်းသည် မိမိဖုန်းမှ အထွက်ခေါ်ဆိုမှုများကိုသာ ထိန်းချုပ်ထားခြင်းဖြစ်ရာ အဝင်ခေါ်ဆိုမှုများမှာ ပုံမှန်အတိုင်း ဆက်သွယ်မှုရရှိနေမည်ဖြစ်သည်။

ထိုစနစ်ကို သုံးစွဲလိုသူများသည် မိမိတယ်လီဖုန်းလိုင်းနှင့် သက်ဆိုင်သည့် အော်တိုအိတ်ချိန်းများသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စား လုယ်လွှဲစာဖြင့်သော်လည်းကောင်း မှတ်ပုံတင်နှင့်အတူ သွားရောက်စာရင်း ပေးသွင်း၍ဆက်သွယ်အသုံးပြုနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**စက်တင်ဘာ ၂၈ ရက်က ရန်ကုန်တိုင်း အမျိုးသမီးအားကစားအဖွဲ့နာယကဖလား အမျိုးသမီးအလွတ်တန်း ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲတွင် ပထမဆု ဆွတ်ခူးရရှိသော ပို့ဆောင်ရေးဝန်ကြီးဌာန အမျိုးသမီးဘောလုံးအသင်း ကိုယ်စား နည်းပြချုပ် ဦးစိန်ဝင်းက ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်ထံ ဒိုင်းဆုကြီးကို လွှဲပြောင်းပေးအပ်စဉ်။**

**(သတင်းစဉ်)**

# ဝန်ထမ်းနှင့်လုပ်သားများအလိုရှိသည်

၁။ တနင်္သာရီတိုင်း၊ ကော့သောင်းမြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ်ရှိ ယုဇနဆီအုန်းစိုက်ပျိုးရေးစီမံကိန်းအတွက် အောက်ပါဝန်ထမ်းများနှင့် လုပ်သားများအလိုရှိသည်–

(က) ကျန်းမာရေးဝန်ထမ်းများ(ဆရာဝန်၊ လက်ထောက်ကျန်းမာရေးမှူးနှင့်သူနာပြု)

| | | | |
|---|---|---|---|
| | (၁) ဆရာဝန် | အမ်ဘီဘီအက်စ် (လစာကောင်းမည်) | (၅)ဦး |
| | (၂) လက်ထောက်ကျန်းမာရေးမှူး/ သူနာပြုဆရာမကြီး | Health Assistant/Green Staff (လစာကောင်းမည်) | (၁၀)ဦး |
| | (၃) သူနာပြု | အထက်တန်းသူနာပြု (Blue Staff)/ သူနာပြု(Red Staff) (လစာကောင်းမည်) | (၅)ဦး |
| (ခ) | ဆရာ/ဆရာမ | အခြေခံပညာမူလတန်းကျောင်းအတွက် ဘွဲ့ရ သို့မဟုတ် တက္ကသိုလ်ဝင်တန်းအောင် (လစာကောင်းမည်) | (၆)ဦး |
| (ဂ) | မော်တော်ယာဉ်စက်ပြင်/ ဘော်ဒီ/ဆေးမှုတ် | ကျွမ်းကျင် (လစာကျပ်–၇၀၀၀၀) | (၁၀)ဦး |
| (ဃ) | ယန္တရားစက်ပြင် | ကျွမ်းကျင်မှုအဆင့်ဆင့် (လစာကျပ်–၇၅၀၀၀၊ ၆၀၀၀၀၊၅၀၀၀၀) | (၅)ဦး |
| (င) | ယန္တရားစက်မောင်း | ကျွမ်းကျင် (လစာကျပ်–၆၀၀၀၀နှင့် လုပ်ကွက်အပေါ် ထပ်မံခံစားခွင့်ရှိသည်။) | (၁၀)ဦး |
| (စ) | ယာဉ်မောင်း | ကျွမ်းကျင် (လစာကျပ်–၅၀၀၀၀) | (၁၀)ဦး |
| (ဆ) | စိုက်ပျိုးရေးဝန်ထမ်း | စိုက်ပျိုးရေးဒီပလိုမာ/ဘွဲ့ရ (လစာကောင်းမည်၊ အတွေ့အကြုံရှိသူပိုမိုခံစားခွင့်ရှိမည်။) | (၁၀၀)ဦး |
| (ဇ) | စိုက်ပျိုးရေးလုပ်သား | တောရှင်းခြင်း၊ အပင်စိုက်ပျိုးခြင်း၊ အပင်ထိန်းသိမ်းခြင်းလုပ်ငန်းများလုပ်ကိုင်နိုင်သူ (နေ့စား–တစ်နေ့ကျပ်–၁၀၀၀ နှုန်း) | (၅၀၀၀)ကျော် |

၂။ ဆရာဝန်လျှောက်ထားသူများသည် အသက်(၆၀)ထက်မကြီးရ၊ ကျန်ဝန်ထမ်းနှင့် လုပ်သားလျှောက်ထားသူများသည် အသက် (၄၀)ထက် မကြီးရ။ နေထိုင်မှု အခမဲ့စီစဉ်ပေးမည်ဖြစ်ပြီး ဆေးဝါးကုသမှုစရိတ်ကိုလည်းကုမ္ပဏီက ကျခံပေးမည်။ အလုပ်တာဝန်ခန့်အပ်ခံရသူများသည် ကန်ထရိုက်စာချုပ် နှစ်နှစ်ချုပ်ဆိုရမည်ဖြစ်ပြီး ဆန္ဒရှိပါက ရာသက်ပန်နေထိုင်လုပ်ကိုင်နိုင်ရန် စီမံပေးသွားမည်။

၃။ အပိုဒ်ခွဲ(က)မှ(ဆ)အထိ ဝန်ထမ်းများ တာဝန်ထမ်းဆောင်မှုတစ်နှစ်ပြည့်ပါက နားရက်တစ်လကို (လစာအပြည့်ဖြင့်) ခွင့်ပြုမည်ဖြစ်ပြီး တာဝန်ထမ်းဆောင်မှု နှစ်နှစ်ပြည့်ပါက နားရက်တစ်လ (လစာအပြည့်) အပြင် ခွင့်ပြန်လိုပါက အသွားအပြန်ခရီးစရိတ်ကို ကုမ္ပဏီက ကျခံပေးမည်။

၄။ အပိုဒ်ခွဲ(ဇ)မှ စိုက်ပျိုးရေးလုပ်သားများ တာဝန်ထမ်းဆောင်မှု နှစ်နှစ်ပြည့်ပါက ဆုငွေကျပ် ၃၀၀၀၀ ချီးမြှင့်ပေးမည်ဖြစ်ပြီး ခွင့်ပြန်လိုပါက အပြန်ခရီးစရိတ်ကို ကုမ္ပဏီက ကျခံပေးမည်။

၅။ လျှောက်ထားလိုသူများသည် အောက်ပါလိပ်စာများအတိုင်း ဆက်သွယ်စုံစမ်းလျှောက်ထားနိုင်ပြီး ခန့်အပ်ခြင်းခံရပါက ၎င်းလိပ်စာများတွင် စုရပ်ထားရှိ၍ လုပ်ငန်းခွင်အရောက် ကုမ္ပဏီက တာဝန်ယူပို့ဆောင်ပေးမည်–

(က) အမှတ် ၁၃၀၊ ရွှေဂုံတိုင်လမ်း၊ ယုဇနစင်တာ(တတိယထပ်)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၁– ၅၄၀၇၄၅၊ ၅၄၀၇၄၆၊ ၅၄၀၇၄၇၊ ဖက်စ် ၅၄၀၇၄၁

(ခ) အမှတ် (ယ ၉/၁)၊ ရန်ကုန်–မန္တလေးလမ်းနှင့် မြဝတီမင်းကြီးလမ်းထောင့်၊ ကွဲဆည်ကန်ရပ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့၊ ဖုန်း–၀၂–၈၀၈၆၅

(ဂ) ယုဇနဟိုင်းဝေးလီမိတက်၊ ရန်ကုန်–မန္တလေး ပြည်ထောင်စု လမ်းမကြီး စီမံကိန်း၊ ပျော်ဘွယ်–မိတ္ထီလာလမ်းတည်ဆောက်ရေး စီမံကိန်းရုံး၊ ပျော်ဘွယ်မြို့၊ ဖုန်း–၀၆၄– ၂၂၁၉၉

(ဃ) ဧရာဝတီရေလုပ်ငန်းလီမိတက်၊ အမှတ်(၁) ရပ်ကွက်၊ ကမ်းနားလမ်း၊ ရန်ကင်းတောင်စက်မှုဇုန်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်း၊ ဖုန်း–၀၄၂–၂၅၀၂၁၊၂၅၀၂၂၊၂၅၀၂၃၊၂၄၉၁၂

(င) အမှတ် ၁၂၅၊ ဗိုလ်ချုပ်လမ်း၊ဆိတ်ငယ်ရပ်၊ မြိတ်မြို့၊ တနင်္သာရီတိုင်း၊ ဖုန်း–၀၅၉–၄၁၁၇၆၊ ၄၁၂၄၇

(စ) အမှတ် ၄၇၀၊ ကြံ့ခိုင်ရေးလမ်း၊ အဏ္ဏဝါရပ်၊ ကော့သောင်းမြို့၊ တနင်္သာရီတိုင်း၊ ဖုန်း–၀၅၉– ၅၁၂၀၉

၆။ ထို့အပြင် ပျဉ်းမနား၊ တပ်ကုန်း၊ ရမည်းသင်း၊ ပျော်ဘွယ်၊ မိတ္ထီလာ၊ သာစည်၊ ဝမ်းတွင်း၊ တောင်သာ၊ မြင်းခြံ၊ ရေစကြို၊ ချောင်းဦး၊ ပခုက္ကူ၊ မုံရွာ၊ ဘုတလင်၊ ရွှေဘို၊ ရေဦး၊ ခင်ဦး၊ ဆားလင်းကြီး၊ ထီးလင်း၊ ပေါက်၊ မြိုင်၊ ဂန့်ဂေါ၊ ဆော၊ ရေနံချောင်း၊ ချောက်၊ ကျောက်ပန်းတောင်း၊ စလေ၊ စလင်း၊ ပွင့်ဖြူ၊ မင်းဘူး၊ မင်းလှနှင့် အခြားမြို့များရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန မြို့နယ်ရုံးများ၌လည်း လျှောက်ထားနိုင်သည်။

## အပြည်ပြည်ဆိုင်ရာဆန်စပါးနှစ် ဆောင်းပါးပြိုင်ပွဲဆုရရှိသူများစာရင်းကြေညာ

**ရန်ကုန် စက်တင်ဘာ ၂၈**

၂၀၀၄ခုနှစ် အပြည်ပြည်ဆိုင်ရာ ဆန်စပါးနှစ်ကျင်းပရေး လုပ်ငန်းကော်မတီက အပြည်ပြည်ဆိုင်ရာ ဆန်စပါးနှစ်အထိမ်း အမှတ်ဆောင်းပါးပြိုင်ပွဲကို ကျင်းပခဲ့ရာ ပထမဒေါ်ခင်အုန်းမြင့် (ခင်အုန်းမြင့်-တောင်ကြီး)၊ ဒုတိယ ဦးကျော်ဇော်လင်း(ကျော်ဇော် လင်း-မကွေး)၊ တတိယ ဦးသက်အေး(မောင်သက်အေး-ဂီတ ကဗျာ)၊ နှစ်သိမ့်ဆုများအဖြစ် ဒေါ်နန်းတင်ရီ (တက္ကသိုလ် နန်းဖြူဖြူထွန်း)၊ မချောရည်(မချောယဉ်-မိုးညှင်း)နှင့် ဦးတင် ထွန်းအုန်း (မန်းခြိမ့်ဖလေ့)တို့ရရှိကြောင်း သက်ဆိုင်ရာက ထုတ်ပြန်ကြေညာထားသည်။ **(သတင်းစဉ်)**

**ပုဂံ-ညောင်ဦး မြို့နယ် အသင်း (ရန်ကုန်)၏ ဝါဆို သင်္ကန်းကပ်လှူပွဲကို စက်တင် ဘာ ၂၆ရက်က ဗဟန်းမြို့နယ် ကြားတောရလမ်း မှန်ကျောင်း ရွှေနှင်းဆီမေ္ဘဗိမာန်တော် ဓမ္မ သုခကျောင်းတိုက်၌ ကျင်းပရာ ပဓာန နာယကဆရာတော် ဦးဝိသုဒ္ဓအမှူးပြုသော သံဃာ တော်များထံ အသင်းဥက္ကဋ္ဌ ဦးသိန်းအောင်နှင့်အဖွဲ့က ဝါဆို သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။(က-ပ)**



## ဘိုကလေးမြို့၊အထက(၂) ပထမအကြိမ်အာစရိယပူဇော်ပွဲ

အထက(၂) သန္ဓေတည်ပေါ်ပေါက်လာသည့် အောက်ပိုင်း၊ အမက (ဆရာတင်ကျောင်း)မှ စတင်ပြီး အလက(ဦးသိန်းဖေကျောင်း)၊ အထက(၂) တို့တွင် ပညာသင်ကြားပေးခဲ့ကြသော အငြိမ်းစား ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ကျောင်းသား ကျောင်းသူဟောင်းများက ဦးဆောင်၍ ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ သို့ပါ၍ အောက်ဖော်ပြပါလိပ်စာ/ဖုန်းနံပါတ်များသို့ အငြိမ်းစား ဆရာ ဆရာမကြီးများ ဆက်သွယ်ကြပါရန်နှင့် တပည့်ကျောင်းသား ကျောင်းသူဟောင်းများ အလှူငွေ ထည့်ဝင်လှူဒါန်းကြပါရန် နိုးဆော်အပ်ပါသည်။

(၁) ကျောင်းအုပ်ဆရာမကြီး၊ အထက(၂)ဘိုကလေးမြို့။

(၂) ဦးမြသိန်း အမှတ်(၂)၊ ဘုရားကြီးလမ်း၊ (၅)ရပ်ကွက်၊ ဘိုကလေးမြို့၊ ဖုန်း-၀၄၅-၂၁၂၄၃။

(၃) ဦးတင့်ဇော် ဥက္ကဋ္ဌ (ဘိုကလေးမြို့နယ်အသင်း)၊ ဖုန်း-၂၁၂၅၀၈၊ (အိမ်) ၂၉၁၃၃၈။

(၄) ဦးသန်းစိုး ဖုန်း-၇၂၆၄၃၁၊ ၀၉-၉၉-၂၇၈၈၄။






## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်းမြို့နယ်) မြေတိုင်းရပ်ကွက် ၂၄၊ မြေကွက်အမှတ် ၄၉၀၊ ဦးကြာမြင့် အမည်ပေါက် နှစ် ၆၀ ဂရန်မြေကို အမှတ် ၄၉၀၊ မင်္ဂလာ လမ်း၊ (၂၄)ရပ်ကွက် ဒဂုံ(တောင်) မြို့နယ်နေ ဦးစန်းလွင် ၁၂/သဃက(နိုင်) ၁၁၆၂၆၄က အမည်ပြောင်းလျှောက်ထားခြင်းနှင့် ဗိုလ်တထောင်မြို့နယ် မြေတိုင်း ရပ်ကွက်(၁၀H²)မြေကွက်အမှတ် (II၆၃)Gကြီးမောင်အမည်ပေါက် နှစ်၉၀ ဂရန်မြေကို ဦးတင်ဦး၁၂/ဗတထ(နိုင်)၀၀၆၄၂၃ (၂၅၅/၂၅၇၊ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်)+၅က အမည်ပြောင်းခွင့်လျှောက်ထားလာရာ ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။ **ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန။**

**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓဘာသာ ကျောင်းတော်ကြီး ဖြစ် မြောက်ရေး ကော်မတီ ရုံးခန်း(ဗဟို)တွင် ဦးကျော် ဖေ-ဒေါ်မြကြာဖြူ သား ပြည့်ဖြိုးနိုင်မိသားစုက အလှူ တော်ငွေကျပ် ၅၅၀၀၀ ကို ကော်မတီဝင် (စာရင်းစစ်) ဦးစန်းမင်းသို့ ပေးအပ် လှူဒါန်းစဉ်။ (က-ပ)**




## တိမ်အသင့်အတင့်

မန္တလေးမြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့ တိမ် အသင့်အတင့် ဖြစ်ထွန်း မည်။








**ကျေးလက် သတင်းနှင့် မြင်ကွင်း**

## မော်ကျွန်းမြို့နယ် ပညာ့အလင်းစာကြည့်တိုက်ဖွင့်၊ စာအုပ်များလှူဒါန်း

မော်လမြိုင်ကျွန်း စက်တင်ဘာ ၂၅

**မော်လမြိုင်ကျွန်းမြို့နယ် အောက်ဖက် အမှတ်(၄)နယ်မြေရှိ ရောက်ချောင်းကျေးရွာအုပ်စု ကွမ်းသီးချောင်းကြီး ကျေးရွာ ပညာ့အလင်း ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲကို စက်တင်ဘာ ၂၂ရက်က ကွမ်းသီးချောင်းကြီး ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းနာယက ဒေါ်အေးအေးယုနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဓာတ်ပုံကျွမ်းကျင်(၂) ဦးမြင့်အောင်(မော်ကျွန်းမြင့်အောင်)တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။(အောက်ဝဲပုံ)**

ယင်းနောက် မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှာစကား ပြောကြားပြီး ရောက်ချောင်းကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးလှဌေး က စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက် လုပ်ငန်းများကို ပြောကြားသည်။

ထို့နောက် ဓာတ်ပုံကျွမ်းကျင်(၂)ဦးမြင့်အောင် (မော်ကျွန်းမြင့်အောင်)က ကျေးလက်စာကြည့်တိုက်များ အောင်မြင်ရှင်သန်ရေး လုပ်ငန်းစဉ်အဆင့်ဆင့်ကို ရှင်းလင်း ဟောပြောပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် စာပေအလှူရှင်များက စာအုပ်၊စာစောင်များကို ပေးအပ်လှူဒါန်းကြရာ ရောက်ချောင်းကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးလှဌေးက လက်ခံရယူသည်။ ကျေးလက်စာကြည့်တိုက် ဖွင့်ပွဲအပြီးတွင် ပညာ့အလင်း ကိုယ့်အားကိုယ်ကိုးစာကြည့် တိုက်အတွင်း ကွမ်းသီးချောင်းကြီးကျေးရွာ ပြည်သူများက မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်နှင့် သတင်းစာများ လေ့လာ ဖတ်ရှုကြသည်။ **(မြို့နယ် ပြန်/ဆက်)**





## ပေးအပ်

**ဩဂုတ် ၂၂ရက်က ဆီဆိုင်မြို့နယ် တောင်အရှေ့ ကျေးရွာအုပ်စု နောင်ထော်ကျေးရွာတွင် နိုင်ငံသား အရည်အချင်းပြည့်မီသူ ပအိုဝ်းတိုင်းရင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲတွင် တောင်ကြီး ခရိုင် ဦးစီးမှူး ဦးသက်လင်းက ဦးအုန်းဖေသို့ လွှဲပြောင်း ပေးအပ်စဉ်။** (ဝ၄၈)



## ကျောက်တလုံးကြီးမြို့တွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့် စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေး နည်းလမ်းရှင်းလင်း

ကျောက်တလုံးကြီး စက်တင်ဘာ ၁၅

**တောင်ကြီးမြို့နယ် ကျောက်တလုံးကြီးမြို့ ကက္ကူကျေးရွာအုပ်စု ဂနိုင်ထော့ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို စက်တင်ဘာ ၈ရက်က ကျင်းပသည်။**

ရှေးဦးစွာ ကျောက်တလုံးကြီးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဒေါ်နန်းဆိုင်စိန်က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးသည်။**(အပေါ်ပုံ)**

ထို့နောက် မြို့နယ်ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီး မှူး ဒေါ်နန်းဆိုင်စိန်က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး နည်းလမ်း များကို ရှင်းလင်းဟောပြောသည်။

ဆက်လက်ပြီး စာအုပ်အလှူရှင် များက စာအုပ်မျိုးစုံ အုပ်ရေ ၂၀၀၊ တောင်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မဂ္ဂဇင်း မျိုးစုံ အုပ်ရေ ၅၀နှင့်ကျောက်တလုံးကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ မဂ္ဂဇင်းစာအုပ်မျိုးစုံအုပ်ရေ ၅၀ ပေးအပ်လှူဒါန်းရာ ကျေးရွာ ဥက္ကဋ္ဌ က လက်ခံရယူသည်။

**(မြို့နယ် ပြန်/ဆက်)**

## တောင်တွင်းကြီးမြို့တွင် လောကစံအိမ် စာကြည့်တိုက်ဖွင့် ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် စာအုပ်မျိုးစုံပေးအပ်လှူဒါန်း

**တောင်တွင်းကြီး စက်တင်ဘာ ၂၂**

တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ဆောင်ရွက်မှုဖြင့် တရုတ်တောအုပ်စု ညောင်ရွာလောကစံအိမ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲနှင့် ရုပ်မြင်သံကြား ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၂၁ရက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးအောင်မြို့က အဖွင့်အမှာစကားကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးအေးဖေက နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို လည်းကောင်း၊ ဓာတ်ပုံကျွမ်းကျင်(၂) ဦးနိုင်ဝင်းက မြို့ချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးကိုလည်းကောင်း ဟောပြောကြသည်။ ထို့နောက် ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ဦးဌေးအောင်က စာကြည့်တိုက်တွင် အများကြည့်ရှုလေ့လာရန်အတွက် ရုပ်မြင်သံကြားနှင့်ရေဒီယိုတို့ကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးအေးဖေက စာအုပ်မျိုးစုံ အုပ်ရေ ၅၀ကိုလည်းကောင်း စာကြည့်တိုက်ကော်မတီ အတွင်းရေးမှူး ဦးမျိုးမြင့်သို့ ပေးအပ်လှူဒါန်းကြသည်။ **(မြို့နယ်ပြန်/ဆက်)**

## စိုက်ပျိုး

**ကွမ်းလုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင် အရာရှိ ဦးကြည်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော် မြင့်တို့ ဩဂုတ်၁၀ရက်က ကွမ်းလုံမြို့တွင်း ကျောက်တိုင် လမ်းဆုံမှ ရုံးပေါင်းစုံသွားလမ်း ဘေးဝဲယာတစ်လျှောက် တွင် ပန်းအလှပင်များ စိုက်ပျိုးကြစဉ်။** (မြို့နယ်စည်ပင်)





**အိမ်မဲမြို့နယ် ကွင်းကလေးကျေးရွာနှင့် အင်းတမိသက္ကယ်ကျေးရွာချင်း ဆက်လမ်း ကျောက်ချောခင်းခြင်းကို စက်တင်ဘာ ၁ရက်က မြို့နယ်စည်ပင် သာယာရေးအဖွဲ့နှင့် ပြည်သူများစုပေါင်းဆောင်ရွက်ကြရာ မြို့နယ်အသင်း အတွင်းရေးမှူး ဒေါက်တာမောင်မောင်စိုးနှင့် အမှုဆောင်အရာရှိ ဦးမျိုးဝင်း တို့က ကြီးကြပ်ဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)

## အရာတော်မြို့နယ် ငြိမ်းချမ်းအောင်ကျေးရွာ စာကြည့်တိုက်ဖွင့်

အရာတော် စက်တင်ဘာ ၁၄

**မုံရွာခရိုင် အရာတော်ကျွန်းတောရွာ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဩဂုတ် ၂၇ ရက်က ကျွန်းတောရွာ၌ ငြိမ်းချမ်းအောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။**

### ဖွင့်လှစ်

ရှေးဦးစွာ ငြိမ်းချမ်းအောင်စာကြည့်တိုက်ကို မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးစိုးအောင်၊ မြို့နယ်အသင်း အတွင်းရေးမှူး ဦးကျော်မြင့်နှင့် ကျေးရွာ ဥက္ကဋ္ဌဦးသိန်းလှတို့က ဖဲကြိုးဖြတ်ဖွင့် လှစ်ပေးသည်။**(အောက်ဝဲပုံ)**ထို့နောက် စာအုပ်အလှူရှင်ငါးဦးတို့က သုတ၊ရသ စာအုပ်မျိုးစုံ အုပ်ရေ ၁၅၀လှူဒါန်းကြ ရာ ကျေးရွာဥက္ကဋ္ဌများက လက်ခံရယူ ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

## ပေါင်မြို့နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပ

**ပေါင် စက်တင်ဘာ ၁၅**

ပေါင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(မြို့နယ်အဆင့်) ပြိုင်ပွဲအခမ်းအနားကို ဩဂုတ်၂၉ရက်က ပေါင်မြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမတွင် ကျင်းပသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရာ ပေါင်မြို့နယ်အတွင်းရှိ အဆို၊ အက၊ အရေး၊ အတီးပညာရှင်များ၊ ဝါသနာရှင်များ၊ အခြေခံပညာအဆင့် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြသည်။ ဆက်လက်၍ ပြိုင်ပွဲတွင် ဆုရရှိသူများ အား ပေါင်မြို့နယ် ဥက္ကဋ္ဌ ဦးထွန်းမြနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။ **(၂၆၀)**



**လေးမျက်နှာမြို့နယ် ပန်းတောကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို စက်တင်ဘာ ၂၃ရက်က အဆိုပါကျောင်းဆောင်တွင် ကျင်းပရာ ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ နှစ်ဘာသာ ဂုဏ်ထူးရ မောင်ဇော်မင်းသူအား ကျောင်းအုပ်ဆရာကြီး ဦးဝင်းထိန်က ဆုချီးမြှင့်စဉ်။** (မြို့နယ် ပြန်/ဆက်)



# တက္ကသိုလ်ကောလိပ်အားလုံး အရှေ့တောင်အာရှပညာရေးအဆင့်အတန်း ရင်ပေါင်တန်းနိုင်ရေး ရည်မှန်းချက်ရှိရှိဖြင့် ပြည့်စုံခိုင်မာသည့်စီမံကိန်းများချမှတ်ပြီး စနစ်တကျကြိုးပမ်း မြန်မာနိုင်ငံတက္ကသိုလ်များ၌ ပါရဂူဘွဲ့အပ်နှင်းလျက်ရှိရာ အရည်အသွေးမီအစဉ်အလာကောင်းထိန်းသိမ်း

**ရန်ကုန် စက်တင်ဘာ ၂၈**

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များဗဟိုကောင်စီ အစည်းအဝေးခန်းမ၌ကျင်းပသော မြန်မာနိုင်ငံပညာရေးကော်မတီ၏ (၃/၂၀၀၄)ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်၍ ဆွေးနွေးမှာကြားသည်။ **(အောက်ပုံ)**

အစည်းအဝေးသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဝင်းမြင့်၊ ဒုတိယဝန်ကြီးများ၊ မြန်မာ နိုင်ငံ ပညာရေးကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှတာဝန်ရှိပုဂ္ဂိုလ်များ၊ဌာနဆိုင်ရာအကြီးအကဲများနှင့်တာဝန်ရှိသူများတက်ရောက်ကြသည်။ **စာမျက်နှာ ၈ ကော်လံ**





## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် စစ်ကိုင်းတိုင်းဒေသဖွံ့ဖြိုးရေးလုပ်ငန်းများစစ်ဆေး ဒေသဖွံ့ဖြိုးရေးစိတ်ကောင်းစေတနာမွန်ဖြင့် လက်တွဲဆောင်ရွက် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးတက်ညီလက်ညီပူးပေါင်းပါဝင်ရန်မှာကြား

**ရန်ကုန် စက်တင်ဘာ ၂၈**

စစ်ကိုင်းတိုင်း မုံရွာမြို့၌ရောက်ရှိနေသော လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင် မုံရွာခရိုင် ဆားလင်းကြီးမြို့နယ်ရှိ ဆားလင်းကြီးရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီးနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဆားလင်းကြီးရေလှောင်တမံစီမံကိန်းမှ **စာမျက်နှာ ၁၁ ကော်လံ ၁** ✳

လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် သဖန်းဆိပ်ရေလှောင်တမံ၏ ရေထိန်းညှိထုတ်လွှတ်ပေးမှုအခြေအနေကို လှည့်လည်ကြည့်ရှုစဉ်။

(သတင်းစဉ်)





29-9 (20).p65 1 24.03.1905, 4:29 PM